ရေအားလျှပ်စစ်စီမံကိန်း ၈ခု ရပ်ဆိုင်းပေးရန် တောင်းဆို

စာ .. ၄ သို့ »

သခင်စစ်ကုမ္ပဏီက မြစ်ကြီးနားသတင်းဂျာနယ် ကို ပုဒ်မ ၅၀၀ဖြင့် အမှုဖွင့်

စာ .. ၅ သို့ »

ဖားကန့်မှာ ၃၅ ကျပ်နဲ့ မီးလင်းတော့မယ်

စာ .. ၁၂ သို့ »


# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

MYITKYINA NEWS JOURNAL 5th 5 YEARS ANNIVERSARY

အတွဲ (၆)၊ အမှတ် (၁၀) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( မတ်၁၈ ၊ ၂၀၁၉ )

EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


# မချစ်သော်လည်း အောင့်ကာ နမ်း

"အလျှော်ငွေ ၂၅ သိန်းစီ ဘုန်းကြီးကျောင်းမှာ သိန်း ၅၀ လာပေးတယ်။ ပွဲတွေမှာ ရွာသားတွေ ပျော်နေတဲ့ပုံတွေကိုလွှင့်ပြီး မြစ်ဆုံစီမံကိန်းကို မကန့်ကွက်ဘူးဆိုပြီး သတင်းလွှင့်တာမျိုးတွေရှိတယ်"




စစ်အစိုးရလက်ထက်မှာ စတင်ခဲ့တဲ့ မြစ်ဆုံစီမံကိန်းကြီးဟာ မြန်မာပြည်သူလူထုက တရုတ်အစိုးရ လုပ်ဆောင်ချက်တွေ အပေါ် ကန့်ကွက်မှုကြောင့် ၂၀၁၁ ခုနှစ် သမ္မတဦးသိန်းစိန်လက်ထက်က ၇ နှစ်ကြာ ရပ်ဆိုင်းထားခဲ့ပြီး ယခုနှစ်ပိုင်းမှာ စီမံကိန်းပြန်လည်စတင်ဖို့ တရုတ်ကုမ္ပဏီက ရွှေ့ပြောင်းဒေသခံတွေကို မဲဆွယ်စည်းရုံးမှုတွေ အပြင်းအထန် လုပ်နေတယ်လို့ သိရပါတယ်။

မြစ်ဆုံစီမံကိန်းကြီး စတင် ဝင်ရောက်လာတဲ့ ၂၀၀၉ ခုနှစ်လောက်ကစပြီး မြစ်ဆုံအနီး ရွာလေးတွေဖြစ်တဲ့ တန်ဖရဲ၊ အောင်ဂျာယန်၊ ဒေါင်ပန်၊ လဖဲ၊ မဇွပ် စတဲ့ ရွာငါးရွာဟာ စီမံကိန်းကြောင့် အောင်မြင်သာနဲ့ မလိယန်စံပြကျေးရွာဆိုတဲ့ နေရာနှစ်ခုကို ပြောင်းရွှေ့ခံခဲ့ရတာပါ။

ပြီးခဲ့တဲ့ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၂၉ရက်မှာ ကချင်ပြည်နယ်ကို ရောက်လာတဲ့ တရုတ် သံအမတ်ကြီးနဲ့ ကချင်ပြည်နယ် အခြေစိုက်နိုင်ငံရေးပါတီတွေ တွေ့ဆုံခဲ့ကြပါတယ်။ တွေ့ဆုံမှုအပြီးမှာတော့ ဇန်နဝါရီလ ၁၃ရက်နေ့မှာ တရုတ်သံရုံးဘက်က ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။

တွေ့ဆုံစဉ်မှာ မြစ်ဆုံအရေးနဲ့ပတ်သက်လို့ စီမံကိန်း ဆက်လက် လုပ်ဆောင်ခွင့်မပြုဘဲ အချိန်ဆွဲနေမယ် ဆိုရင် တရုတ်ကုမ္ပဏီတွေကမြန်မာနိုင်ငံကို လာရောက်ရင်းနှီး မြှုပ်နှံဖို့အတွက် ယုံကြည်မှုကို ဆိုးရွားစွာ ထိခိုက်သွားမှာ ဖြစ်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေး တည်ဆောက်ဖို့ အတွက်လည်း လုံလောက်တဲ့ လျှပ်စစ်အား လိုအပ်မှာဖြစ်တာကြောင့် နှစ်ဖက်လုံးက မျက်ခြေမပြတ် ဆွေးနွေးညှိနှိုင်းပြီး မြစ်ဆုံစီမံကိန်းပြဿနာနဲ့ စပ်လျဉ်းလို့ နှစ်ဦးနှစ်ဖက်လက်ခံနိုင်တဲ့အဖြေကို အမြန်ဆုံးရှာဖွေနိုင်ဖို့ အစွမ်းကုန်ကြိုးစားအားထုတ်နေကြောင်း၊ အဆိုပါလုပ်ငန်းလုပ်ဆောင်ရာမှာလည်း ကချင်ပြည်နယ်က တိုင်းရင်းသားပြည်သူအားလုံးရဲ့ ထောက်ခံမှု ရရှိနိုင်ဖို့မျှော်လင့်ကြောင်း ပြောခဲ့တယ်လို့ ထုတ်ပြန်ချက်မှာ ရေးသားထားပါတယ်။

ဒါ့အပြင် ကချင်နိုင်ငံရေးပါတီနဲ့ လူမှုရေးအဖွဲ့အစည်းခေါင်းဆောင်တွေက တရုတ်ကုမ္ပဏီတွေ ကချင်ပြည်နယ်ကို လာရောက်ရင်းနှီးမြှုပ်နှံဖို့အတွက် ကြိုဆိုကြောင်း၊ ကချင်ပြည်နယ်ကဒေသခံ တိုင်းရင်းသားတွေက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ကန့်ကွက်မှုမရှိဘဲ ကန့်ကွက်နေတာက ပြင်ပလူအဖွဲ့အစည်းတွေသာ ဖြစ်တယ်လို့ ထုတ်ပြန်ချက်မှာ ဆက်လက် ဖော်ပြထားပါတယ်။

စာ .. ၁၀ - ၁၁ သို့ »




# တရားမဝင်ကုန်ပစ္စည်းများ တင်သွင်း / တင်ပို့မှုများကို မိုင်းနားပူးပေါင်းဂိတ် နေ့စဉ်စစ်ဆေးနေ



မတ်လ ၁၂

ဝိုင်းမော်မြို့နယ်၊ ဗလမင်းထင်တံတားအနီးတွင် မတ်လ ၁ ရက်နေ့မှစတင်ကာ ယနေ့အချိန်အထိ စစ်ဆေးမှုများ နေ့စဉ် ပြုလုပ်နေသည်။

ပြည်နယ်အဆင့်မှ ညွှန်ကြားချက်အရ ထိုသို့စစ်ဆေးရခြင်းမှာ တစ်ဘက်နိုင်ငံမှ တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်မှု မရှိစေရန်နှင့် တစ်ဘက်နိုင်ငံသို့ လူကုန်ကူးမှုများမရှိစေရန် စစ်ဆေး ဖမ်းဆီးအရေးယူနေခြင်းဖြစ်ကြောင်း ရဲအုပ်သက်ဇော်လတ်မှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီလမ်းမှာဆို လူကုန်ကူးမှုရော တရားမဝင်လုပ်ငန်းလုပ်ကိုင်ပြီး တရားမဝင်ပစ္စည်းသယ်တဲ့လူတွေက အရမ်းများတယ်လေ၊ ဟိုဘက်ပူးပေါင်းရေးဂိတ်မှာ ဖမ်းမယ်ဆိုလည်း ဝါရှောင်ဘက်ကနေ ထွက်တဲ့လမ်းတစ်ခုရှိတယ်။ ဒါကြောင့်မို့လို့ ဒီနေရာလေးက ဟိုဘက်ကရော၊ ဒီဘက်ကရော ဆုံတဲ့နေရာဖြစ်လို့ ဒီနေရာလေးမှာ စစ်ဆေးအရေးယူတာပါ"ဟု ရဲအုပ်သက်ဇော်လတ်က ပြောသည်။

ယင်းသို့ ဖမ်းဆီးအရေးယူဆောင်ရွက်ရာတွင် နယ်မြေခံရဲတပ်ဖွဲ့၊ လဝကဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်(အထူး) ရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ကျန်ဌာနဆိုင်ရာအဖွဲ့အစည်းအချို့ ပူးပေါင်း၍ တားဆီးစစ်ဆေး ဆောင်ရွက်နေကြောင်း ရဲအုပ်သက်ဇော်လတ် က ပြောသည်။

၎င်းတို့ စစ်ဆေးမှုများပြုလုပ်ရာတွင် တရားမဝင်သယ်ဆောင်သည့် မူးယစ်ဆေးဝါးများ၊ တစ်ဘက်နိုင်ငံသို့ ပို့ရန် တင်ဆောင်လာသော တမလန်းသစ်များ၊ နွယ်မွှေးပိသာနှစ်ရာကျော်၊ ပယင်း ကီလို ၄၀၊ ကျောက်စိမ်း ၆၆ ကီလိုတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော တရားမဝင်နှင့် ပစ္စည်းပိုင်ရှင်များကို ဝိုင်းမော်မြို့မရဲစခန်းသို့ ပို့အပ်ကာ အမှုဖွင့်ထားကြောင်းသိရပြီး ဆက်လက်၍လည်း စစ်ဆေးဖမ်းဆီးမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗလမင်းထင်တံတား အရှေ့ဘက်ကမ်း မိုင်းနားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယခင်က စစ်ဆေးဖမ်းဆီးမှုများ ရှိခဲ့သော်လည်း အများအားဖြင့် သတင်းရသည့်အချိန်များတွင်သာ ဆောင်ရွက်လေ့ရှိခဲ့ကြောင်း သိရသည်။ ■

AH JE




# ကချင်တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအတွက် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဖွဲ့စည်း

မြစ်ကြီးနား၊ မတ် ၁၅

ကမ္ဘာ့ ကချင်အမျိုးသား စီးပွားရေးလုပ်ငန်းရှင်များအသင်းက ပြည်နယ်နှင့်တိုင်းများ၌ရှိသောကချင်တိုင်းရင်းသားများအားလုံး စီးပွားရေး တိုးတက်ကောင်းမွန်လာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီလ ၁၈ ရက်မှ၂၀ ရက်အထိ ကျင်းပခဲ့သည်။

ထိုဆွေးနွေးပွဲတွင် ကချင်ပြည်နယ်မှ ကချင်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များက ကမ္ဘောဒီးယားနိုင်ငံရှိ မြို့ပြစီမံကိန်းများအကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း များနှင့် အခြားစီးပွားရေးလုပ်ငန်းများအကြောင်းတို့ကို လေ့လာ ဆွေးနွေးဖလှယ်ခဲ့ကြောင်း ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးခက်ထိန်နန်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ပြောသည်။

"နိုင်ငံခြားမှာရှိတဲ့ ကချင်တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေလည်း ကိုယ့်ရဲ့နိုင်ငံ၊ ကိုယ့်ရဲ့ပြည်နယ်သို့ လာရောက်ရင်းနှီး မြှုပ်နှံလုပ်ဆောင်ဖို့လည်းရည်ရွယ်တယ်။"ဟု ဦးခက်ထိန်နန်ကပြောသည်။

ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းတွင် ကချင်တိုင်းရင်းသား မည်သူမဆို ပါဝင်နိုင်ကြောင်းသိရပြီး အဆိုပါအသင်းကြီး၏ လက်အောက်တွင်အများပိုင် ကုမ္ပဏီတစ်ခုဖွဲ့စည်း၍ အားလုံးပါဝင်နိုင်မည့် အရင်းအနှီးများ၊ အတွေ့အကြုံများစု ဆောင်းကာ ကြိုးစားလုပ်ဆောင်သွားမည်ဟုလည်း ဦးခက်ထိန်နန်ကပြောသည်။

"လုပ်ငန်းလုပ်ကိုင်သွားတဲ့ အချိန်မှာလည်းကိုယ်တတ်နိုင်သလောက် အားလုံးပါဝင်နိုင်ပြီး လုပ်ဆောင်သွားရအောင်။ ဒီလိုသာ မလုပ်ဆောင်ရင် လာမယ့်အချိန်မှာ သူများခြေလှမ်းမမီဘဲ နောက်ကျကျန်ခဲ့မှာကို စိုးရိမ်ရတဲ့အတွက်ကြောင့် အားလုံး ပါဝင်ပြီး ကြိုးစားလုပ်ကိုင်မှ ရည်မှန်းထားတာတွေ အောင်မြင်လာနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များထဲတွင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဖွံ့ဖြိုးအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပထမဦးဆုံးအနေဖြင့် ဘဏ်လုပ်ငန်းကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမြဲတမ်းအဖွဲ့ဝင် ဦးလရစ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"လုပ်ဆောင်သွားမယ့် လုပ်ငန်းအများကြီးရှိတဲ့ အထဲက အရင်ဦးဆုံး ဘဏ်လုပ်ငန်းကို စတင်မယ်။ ပြီးတော့ ဆေးရုံပေါ့။ ကိုယ့်ဒေသမှာရှိတဲ့ ဆင်းရဲတဲ့သူတွေရော၊ ချမ်းသာတဲ့သူတွေရော ကျန်းမာရေးကောင်းမှ စီးပွားရေးလုပ်ငန်းတွေမှာ ရပ်တည်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် မြစ်ကြီးနားမှာ ဆေးရုံဆောက်ဖို့ရာလည်း ဆွေးနွေးဖြစ်တယ်"ဟု ဦးလရစ်ကပြောသည်။

ယင်းစီးပွားရေးလုပ်ငန်းများ စတင်လုပ်ဆောင်ရန်အတွက် ငွေကျပ်သိန်းပေါင်းတစ်ထောင်ကျော်ကို ကနဦး 'မ'တည် လုပ်ဆောင်သွားမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်ကို ကချင်အမျိုးသား အများပိုင်ကုမ္ပဏီ ဟူသောအမည်ဖြင့်လျှောက်ထားဆဲဖြစ်ကြောင်း၊ မည်သည့် ကချင်တိုင်းရင်းသားမဆို အသင်းဝင်၊ ရှယ်ယာဝင် နိုင်ကြောင်းလည်း ဦးလရစ်က ဆက်လက်ရှင်းပြသည်။

"ရှယ်ယာဝင်ချင်သူတွေကတစ်သိန်းကနေပြီးတော့ ကိုယ်တတ်နိုင်သလောက် ထည့်ဝင်နိုင်တယ်။ မှတ်ပုံတင်ထားတဲ့ အမည်ကတော့ ကချင်အမျိုးသားအများပိုင်ကုမ္ပဏီလို့တော့ တင်ထားတယ်။ နာမည်သုံးမျိုးလောက်တော့ ပေးထားတယ်အစိုးရက ဘယ်နာမည်နဲ့ပေးမလဲတော့မသိသေးဘူး" ဟု ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်အသင်းကို ၂၀၁၈ခုနှစ်တွင် တရားဝင်ဖွဲ့စည်းခဲ့ပြီး ယင်းအသင်းနှင့်အတူ ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းအပြင် ကျန်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းလည်း ဖွဲ့စည်းခဲ့ကြောင်း၊ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းသည် မြန်မာနိုင်ငံရှိ ကချင်တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နိုင်ရန်၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍စီးပွားရေး အမြင်ကျယ်လာရန်၊ မြန်မာနိုင်ငံစီးပွားရေး မူဝါဒနှင့်အညီ ဒေသ၊ ပြည်နယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ကြောင်းလည်းသိရသည်။

ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတွင်လတ်တလောအသင်းဝင်ထားသူလူဦးရေ၆၀ခန့်ရှိကြောင်းသိရပြီး ကမ္ဘောဒီးယားတွင်ကျင်းပခဲ့သည့်ကမ္ဘာ့ကချင်အမျိုးသားစီးပွားရေး လုပ်ငန်းရှင်များအသင်း အစည်းအဝေး၌ စကော်ပူ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ဂျပန်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်မြို့တို့မှ ကချင်အမျိုးသား စီးပွားရေးလုပ်ငန်းရှင် အယောက်၁၀၀ ကျော်တက်ရောက်ခဲ့ရာ ထိုထဲတွင် ကချင်ပြည်နယ်မှ အယောက် ၅၀ တက်ရောက်ခဲ့ကြောင်းသိ ရသည်။

မျိုးမြတ်မြတ်ပန်

## မိုင်းကြောင့် ထိခိုက်မှုရှိလျှင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်သွယ်ပါ

မတ် ၁၅

မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းအဖွဲ့၏ ၁၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ်လ ၁၅ ရက်က မြစ်ကြီးနား စီတာပူရပ်ကွက်ရှိ Amber Palace Hotel တွင် ပြည်နယ်အဆင့်အစည်းအဝေးအနေဖြင့် မိုင်းအန္တရာယ် ပညာပေးခြင်း (Mine Risk Education) အဖွဲ့မှ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ပြုလုပ်ခဲ့ကြသည်။

ကချင်ပြည်နယ် MRE အဖွဲ့အနေဖြင့် မိုင်းအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကိုထောက်ပံ့ပေးခြင်းများကို လုပ်ဆောင်ပြီး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိပါက ပြင်းထန်သည်ဖြစ်စေ၊ မပြင်းထန်သည်ဖြစ်စေ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

"မိုင်းကြောင့် ထိခိုက်မှုဖြစ်ရင် စစ်ဆေးရုံကိုလည်း သွားကုလို့ရသလို၊ မိမိကုသလိုသည့် ဆေးရုံတွေမှာလည်း ကုသလို့ရပါတယ်။ ကုသမှုပြုတဲ့အခါမှာလည်း ကျွန်မတို့က နေပြီးတော့ အားလုံး တာဝန်ယူဆောင်ရွက်ပေးပါတယ်"ဟု ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက ပြောသည်။

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာန၏ ကိုယ်စားသွားရောက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် Unicef, NGO, INGO တို့နှင့်လည်း ပူးပေါင်း၍ ၎င်းတို့ဘဝ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေး၊ အခြားထောက်ပံ့မှုများလည်း ပေးကြောင်း သိရသည်။

"အများဆုံး ထိခိုက်ခံရသူများထဲမှာ အမျိုးသားတွေဘာကြောင့် များရသလဲဆိုရင် များသောအားဖြင့် အိမ်ထောင်ဦးစီး ဖြစ်တဲ့အတွက် သူတို့က မိသားစုအတွက် အလုပ် ပိုလုပ်ရတဲ့အတွက်၊ တောမှာဆိုရင်လည်း တောခုတ်တဲ့သူတွေ များတဲ့ အတွက်ဖြစ်တယ်"ဟု ယူနီဆက်၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့မှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံ ဦးကျော်ဝင်းဦးက ပြောသည်။

ကျန်းမာရေး ဦးစီးဌာနကလည်း ကြက်ခြေနီအသင်းနှင့် ပူးပေါင်း၍ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ခြေတု၊ လက်တုလိုအပ်သည့်မိုင်းကြောင့် ထိခိုက်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် လိုအပ်နေသည့် သူများကို အခမဲ့ တပ်ဆင်ပေးနေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများမှာ ကချင်ပြည်နယ်တွင်ဖြစ်ပွားမှု ၄၂ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် ၄၅ ရာခိုင်နှုန်းရှိပြီး ကျန် ၁၃ ရာခိုင်နှုန်းသည် အခြားပြည်နယ်နှင့်တိုင်းများတွင် ရှိကြောင်း MRE အဖွဲ့မှ ဦးကျော်ဝင်းဦးက ပြောသည်။

မွန်းမွန်းပန်

မိုင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မိုင်းအန္တရာယ် ပညာပေးခြင်း အဖွဲ့(MRE) မှ ၂၀၁၅ ခုနှစ်ကစပြီး မိုင်းနှင့် စစ်ကျန်ပစ္စည်းများ ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ ဖြစ်စဉ်များကို မှတ်တမ်းတင်ထားမှု အခြေအနေ




| | | |
|---|---|---|
| ၂၀၁၈ ခုနှစ် အတွင်း ဖြစ်စဉ် ၂၀၅ မှုတွင် | ထိခိုက်ခံစားသူ ဦးရေပေါင်း | သေဆုံးသူ |
| | ၂၇၆ ဦး | ၄၈ ဦး |

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**သတင်းစာဒီဇိုင်း**
Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ရေအားလျှပ်စစ်စီမံကိန်း ၈ခု ရပ်ဆိုင်းပေးရန် တောင်းဆို

မတ်လ ၁၄

မေခမြစ်၊ မ‌ေါ်ချမ်းခမြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း ၈ ခုကို ရပ်ဆိုင်းပေးရန်အတွက် မတ်လ ၁၄ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာ မြစ်ချောင်းအင်းအိုင်များနေ့တွင် ဒေသခံပြည်သူများက တောင်းဆိုခဲ့ကြသည်။

နိုင်ငံတကာ မြစ်ချောင်းအင်းအိုင်များနေ့ ဆုတောင်းပွဲအခမ်းအနားကို ချီဖွေမြို့ရှိ ချောင်းဆုံတွင် ချီဖွေမြို့နယ်နှင့်ဆော့လော်မြို့နယ်မှ ဒေသခံပြည်သူ ၄၀၀ နီးပါးတို့က ပြုလုပ်ခဲ့ကြပြီး တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် လူထု ရွေးကောက် တင်မြှောက်ထားသည့်အစိုးရနှင့် သက်ဆိုင်ရာကုမ္ပဏီအသီးသီးကိုမေခမြစ်နှင့် ငေါ်ချမ်းခမြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း ၈ ခုကို လုံးဝရပ်ဆိုင်းပေးရန်လည်း ဒေသခံဌာနေတိုင်းရင်းသားများကလည်း သဘောထားထုတ်ပြန်စာတစ်စောင် ထုတ်ခဲ့ကြသည်။

မိမိတို့ဒေသတွင် ရေအားလျှပ်စစ်စီမံကိန်း ၈ ခု တည်ဆောက်လာပါက မိမိတို့ဒေသအတွက် ထိခိုက်မှုများရှိနေသည့်အတွက် ယခုကဲ့သို့ ပြုလုပ်ရခြင်းဖြစ်သည်ဟု ယင်းအခမ်းအနားကို ဦးဆောင်ကျင်းပသူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လောင်ဗျစ်ခေါင် ကော်မတီမှ အတွင်းရေးမှူး ဦးလွမ်းဇောင်းက ပြောသည်။

"ဒေသအတွက် တော်တော်ထိခိုက်နိုင်တဲ့ နေရာမှာ ဖြစ်တဲ့အတွက် ဒီလိုမျိုး လုပ်ရခြင်း ဖြစ်ပါတယ်။ မြစ်ဆုံနဲ့လည်း ပတ်သက်တယ် မေခမြစ်ဆိုတာက ဧရာဝတီရဲ့ ဖြစ်ပေါ်စေတဲ့ မြစ်ပဲလေ ဒါကြောင့် တိုက်ရိုက် ဆက်စပ်နေတဲ့မြစ်ဖြစ်တယ် မြစ်ဆုံရေကာတာ စီမံကိန်းနဲ့တော့ အခု ဒီမှာ လုပ်မှာကတော့ မပတ်သက်ဘူး။ ဒါက သပ်သပ်ပေါ့။ဒီက ထွက်တဲ့ဟာလည်း တရုတ်ပြည်ကိုပို့ဖို့ပဲ"ဟု ၎င်းက ပြောသည်။

ယင်းစီမံကိန်း ဆောက်လုပ်ခြင်းသည် လက်ရှိအချိန်တွင် နိုင်ငံရေးအခြေအနေ အရရပ်နားထားသော်လည်း တရားဝင်ရပ်ဆိုင်းခြင်း မရှိသေးသည့်အတွက် ရပ်ဆိုင်းပေးစေလိုကြောင်းလည်း ဦးလွမ်းဇောင်းက ပြောသည်။

"ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး သမ္မတဦးထင်ကျော် လက်ထက်မှာ ဒီစီမံကိန်းကို ရပ်တန့်ပေးဖို့ တရားဝင်စာတင်ခဲ့တာလည်း ရှိတယ်။ ခုအခြေအနေမှာ ဒါက နိုင်ငံရေးအခြေအနေကြောင့် ရပ်နေတာပဲရှိတယ် တရားဝင်ရပ်တာ မဟုတ်သေးဘူး။ ဖြစ်နိုင်ရင် တရားဝင်ရပ်ပေးဖို့ တောင်းဆိုချင်ပါတယ်" ၎င်းက ထပ်မံပြောဆိုသည်။

စီမံကိန်းကို ၂၀၀၇ ခုနှစ်မှစတင်ကာ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၂၀၁၀ နောက်ပိုင်းတွင် ကချင်ပြည်နယ်ဒေသအတွင်း မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ တစ်ကျော့ပြန် တိုက်ပွဲများကြောင့် ရပ်တန့်နေခြင်းဖြစ်သည်။

မေခမြစ်နှင့် ငေါ်ချန်းခမြစ် ဘေးတစ်လျှောက်သည် ဒေသခံ ဌာနေတိုင်းရင်းသားများ၏ လယ်ယာကားထစ် စိုက်ခင်းနှင့် တောင်ယာလုပ်များကိုလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အဓိကရေသောက်မြစ်ဖြစ်သဖြင့် ရေကာတာစီမံကိန်းကို ဆက်လုပ်ဆောင်မည် ဆိုပါက ဒေသခံပြည်သူများကို သတ်နေသည့်နှင့် အတူတူပင်ဖြစ်သည်ဟု ခံယူကြောင်းလည်း ဒေသခံဌာနေတိုင်းရင်းသား ဆရာဇုန်းကိုက ပြောသည်။

"ဝမ်းစာအတွက် တခြားစီးပွားရေး လုပ်ငန်းတွေမရှိဘူး။ လှေကားထစ်စိုက်ပျိုးခြင်းနဲ့ တောင်ယာကိုပဲအဓိကထားပြီးလုပ်ကိုင်စားသောက်ရပါတယ်။ ဒီမေခနဲ့ငေါ်ချန်းခမြစ်နဲ့ ဝေးတဲ့နေရာတွေမှာဆိုရင် ရေခဲတောင်ပဲရှိတော့ စိုက်ပျိုးလို့ မရဘူး၊ မြေမရှိဘူး။ ကျောက်တောင်တွေပဲ ရှိတော့ စိုက်ပျိုးစားသောက်လို့ မရဘူး ။ မြစ်ဘေးမှာပဲ လုပ်ကိုင်ရတော့ ဒီစီမံကိန်းကိုလုပ်ရင် ပြည်သူလူထုကို သတ်နေတာနဲ့ အတူတူပါပဲ။ ဒါကြောင့် သဘောမတူပါဘူး" ဟု ဆရာဇုန်းကိုက ပြောသည်။

စီမံကိန်းဆက်လက်လုပ်ဆောင်လာပါက ဘိုးဘွားပိုင်လုပ်ကိုင်လာတဲ့ တောင်ယာ၊ စိုက်ခင်းများကို မိမိတို့ ဒေသခံများအနေဖြင့် အဆုံးအရှုံး မခံနိုင်ကြောင်း ကျေးရွာများကို မထားခဲ့ကြောင်းနှင့် ပြောင်းရွှေ့လိုခြင်းမရှိကြောင်းလည်း ၎င်းက ထပ်မံပြောဆိုသည်။




ထို့အပြင် ငေါ်ခန်းခမြစ်ဖျားပိုင်းသည် ကချင်လူမျိုးထဲမှငေါ်ချန်းနှင့် လီဆူမျိုးနွယ်များ နေထိုင်ရာဖြစ်ပြီး ငေါ်ချန်းခ မြစ်လယ်တွင် လာချိတ်လူမျိုးများ ဆင်းသက်ရာဒေသ၊ ငေါ်ချမ်းခမြစ်ဆုံနှင့် မေခမြစ်တစ်လျှောက်တွင် လော်ဝေါ်မျိုးနွယ်များ အဓိကနေထိုင်ရာဒေသများဖြစ်ကာ တန်ဖိုးမဖြတ်နိုင်သည့် ဘိုးဘွားပိုင်အမွေအနှစ်များ ဆုံးရှုံးသွားနိုင်သည်ဟုလည်း ဆရာဇုန်းကိုက ပြောသည်။

"ကချင်လူမျိုးထဲက မျိုးနွယ်လေးမျိုးရဲ့ တန်းဖိုးထားတဲ့ ဘိုးဘွားပိုင်းအမွေအနှစ်တွေဆုံးရှုံးသွားမှာ ဖြစ်တဲ့အတွက် ကန့်ကွက်ရတာဖြစ်ပါတယ်။နောက်ပြီး ဒီဒေသက လူမျိုးတွေကချစ်ချင်ခင်ခင်ညီအစ်ကိုမောင်နှမလို နေထိုင်ကြတယ်၊ ကုမ္ပဏီတွေ စီမံကိန်းတွေ ဝင်လာမယ်ဆိုရင် လူမှုရေးပြဿနာတွေ၊ မူးယစ်ဆေးဝါး၊ မမျှော်လင့်ထားသည့် ပြဿနာတွေကိုကြောက်လို့ ကန့်ကွက်နေရခြင်းဖြစ်ပါတယ်"ဟု ဆရာဇုန်းကိုက ပြောသည်။

စီမံကိန်းနယ်မြေများတွင် ကျရောက်သည့် မေခမြစ်၊ ငေါ်ချမ်းခ မြစ်ရိုးတစ်လျှောက်တွင် ကချင်မျိုးစု လော်ဝေါ်၊လာချိတ်၊ငေါ်ခမ်းနှင့် လီဆူတိုင်းရင်းသားများ ၃ သောင်းကျော် နေထိုင်ကြပြီး ကျေးရွာပေါင်း ၆၈ ရွာခန့်ရှိကြောင်းလည်း သိရသည်။

ရေအားလျှပ်စစ် စီမံကိန်း ၈ ခုအား ငေါ်ချန်းခမြစ်တွင် ၄ ခု ဂေါလန် ၊ ခန်တန်း(ဂမ်ခွင်း)၊ တုံးရှင်းချောင်း၊ လောင်ဒင် တို့တွင်လည်းကောင်း၊မေခမြစ်ပေါ်တွင် ဝဆုတ်၊ ခေါင်လန်ဖူး ၊ ရယ်နန်၊ဖီဇော် တို့တွင် ၄ ခု တည်ဆောက်မည်ဟု ဒေသခံများထံမှ သိရသည်။

ရေအားလျှပ်စစ် စီမံကိန်း ၈ ခုမှ စုစုပေါင်း မဂ္ဂဝပ် ၈၉၀၀ ကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ဆောင်ရေးဦးစီးဌာန၊ International Energy Cooperation YEIG & Development Co.Ltd (YEIG)ESifh International Group of Entrepreneurs Co.Ltd (IGE) အကျိုးတူပူးပေါင်း၍ ရေအားလျှပ်စစ် စီမံကိန်း စတင် အကောင်အထည်ဖော်နေကြောင်း မတ်လ ၁၄ ရက်နေ့တွင် ဒေသခံဌာနေတိုင်းရင်းသားများ၏ သဘောထားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံတကာ မြစ်ချောင်းအင်းအိုင်များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် ကချင်ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးရေးရာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦး H လအောင် "ဒီသဘာဝ အလှတရားကြီးဟာ ပြန်လည်မွေးဖွားလာလို့ ရတာမျိုး မဟုတ်ဘူး ပျက်ဆီးသွားတာကို ပြန်ပြုပြင်လို့ ရတာမျိုးလည်း မဟုတ်ဘူး ဒီဟာကို ဖန်တီးယူရင်အတုပဲရမယ် ဘယ်လိုလုပ်ပြီး ရှေ့ကိုသွားကြမှာလဲ"ဟု ယင်း အခမ်းအနားတွင် ပြောဆိုသည်။

အခမ်းအနား နောက်ဆုံးအစီအစဉ်တွင် ဒေသခံများက ချီဖွေမြို့ရှိ ချောင်းဆုံတွင် "ငေါ်ချန်းခထာဝစဉ်ရှင်သန်ရေး၊ မေခမြစ်ထာဝစဉ် ရှင်သန်ရေး၊ ငေါ်ချန်းခ ကျန်းမာပါစေ၊ မေခမြစ်ကျန်းမာပါစေ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးစေမည့် ပြည်တွင်းပြည်ပကုမ္ပဏီအလိုမရှိ၊မေခမြစ်၊ ငေါ်ချန်းခမြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်း အလိုမရှိ၊ ရေကာတည်ဆောက်မည့် ကုမ္ပဏီ အလိုမရှိ၊ မြစ်ချောင်းအင်းအိုင် သဘာဝပတ်ဝန်းကျင် ဌာနေတိုင်းရင်းသားများအပေါ် ဆိုးကျိုးဖြစ်စေမည့် စီမံကိန်း အလိုမရှိ၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားပါ" စသည်များကို ဒေသခံများက ကြွေးကြော်ခဲ့ကြသည်။

ယင်း နိုင်ငံတကာ မြစ်ချောင်းအင်းအိုင်များနေ့တွင် အထိမ်းအမှတ်အခမ်းအနားတွင် ကချင်ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးရေးရာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦး H လအောင်၊ ကချင်ပြည်နယ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်ခမ်းတို့လည်း တက်ရောက်ခဲ့ကြသည်။ ■

Salai

# သခင်စစ်ကုမ္ပဏီက မြစ်ကြီးနားသတင်းဂျာနယ် ကို ပုဒ်မ ၅၀၀ဖြင့် အမှုဖွင့်

မတ် ၁၅

မြစ်ကြီးနားသတင်းဂျာနယ်မှ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ထွက် အတွဲ(၆)၊အမှတ်(၇)၊ စာမျက်နှာ(၁၂) ဖော်ပြခဲ့သည့် သတင်းတစ်ပုဒ်နှင့် ပတ်သက်ပြီး ဂုဏ်သိက္ခာ ကျဆင်းစေသည်ဟုဆိုကာ သခင်စစ်သတ္တုတူးဖော်ရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဒိန်ဆောင်မှ မြစ်ကြီးနားသတင်းဂျာနယ် အမှုဆောင်အရာရှိချုပ် နှစ်ဦးနှင့် သတင်းရေးသားသူကို ရာဇသတ်ကြီး ဥပဒေပုဒ်မ-၅၀၀ ဖြင့် အရေးယူပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ကြောင်း သိရသည်။

ဂျာနယ်စာမျက်နှာတွင် ဖော်ပြခဲ့သည့် "မန်ဒေါင်ကျေးရွာအုပ်စုတွင် တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီနှစ်ခု ဝင်ရောက်လုပ်ကိုင်နေ"ဆိုသည့် သတင်းခေါင်းစဉ်ဖြင့် ရေးသားခဲ့ရာ သခင်စစ်ကုမ္ပဏီနှင့် ဦးဒိန်ဆောင်တို့အတွက် ဂုဏ်သိက္ခာကျဆင်းသည့် အရေးအသားဖြစ်သည်ဟု မှတ်ယူကာ အမှုဆောင်အရာရှိချုပ်(၁) ဦးဘရန်မိုင်၊ အမှုဆောင်အရာရှိချုပ်(၂)ဦးဇော်ခွန်းနှင့် သတင်းရေးသားသူ မမွန်းမွန်းပန်တို့ကို မတ်လ ၄ ရက်နေ့က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မြစ်ကြီးနားသတင်းဂျာနယ်ကို တရားစွဲဆိုသည့် ဆင့်ခေါ်စာသည် မတ်လ ၁၂ ရက်နေ့တွင် ထုချေရှင်းလင်းသွားမည်ဖြစ်ပြီး တရားရုံးသို့ မတ်လ ၁၈ ရက်နေ့သွားရောက်ထုချေ ရှင်းလင်းသွားမည်ဖြစ်ကြောင်းလည်း အမှုဆောင်အရာရှိချုပ် ဦးဘရန်မိုင်က ဆိုသည်။

"ဒါကတော့ ကျွန်တော်တို့ မျှော်လင့်ထားပြီးသားပါ။ ဘယ်လိုပဲပြောပြော သူတို့ဘက်ကတော့ သူတို့ ခံယူတာက သူတို့ရဲ့ ဂုဏ်သိက္ခာ သူတို့ ကုမ္ပဏီနာမည်ကို ညှိုးနွမ်းစေတယ်ဆိုပြီး ဖြစ်နိုင်တယ်။ စွဲရင်တောင်မှ ဒီပုဒ်မ ၅၀၀ စွဲမယ်။ ပြေးမလွတ်ဘူးဆိုတာ ကြိုတင်ပြီးမှတော့ သိနေတယ်။ တရားစွဲခံထားရပြီဆိုတော့ တရားရုံးက ဆင့်ခေါ်တဲ့အတိုင်း မပျက်မကွက် တက်ရောက်ပြီး ထုချေလွှာတင်ရမှာပေါ့"ဟု ဦးဘရန်မိုင်က ရှင်းပြသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး သခင်စစ် သတ္တုတူးဖော်ရေး ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဒိန်ဆောင်က ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခြင်းကို မသိရှိကြောင်း၊ အမှုစီရင်သည့် ကိစ္စရပ်များကို မလုပ်ချင်ကြောင်း၊ အမှုမဖွင့်ချင်သောကြောင့် ခေါ်ယူ သတိပေးခဲ့ခြင်း ဖြစ်ကြောင်း RFA သတင်းဌာနတွင် ဖော်ပြထားသည်။

သတင်းထောက် မွန်းမွန်းပန်ရေးသားခဲ့သည့် သတင်းနှင့် ပတ်သက်ပြီး သခင်စစ်သတ္တုတူးဖော်ရေး ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဒိန်ဆောင်နှင့် ဝန်ထမ်းများက ဖော်ဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းက ကုမ္ပဏီရုံးသို့ ခေါ်ဆောင်ကာသတင်းထောက်အမျိုးသမီးကို ဂျာနယ်ဖြင့်ပါးရိုက်ခြင်း၊ သတင်းထောက်အမျိုးသားကို ထိုင်ထလုပ်ခိုင်းခြင်းများ ပြုလုပ်စေခဲ့သည်။

ထို့ကြောင့် မမွန်းမွန်းပန်မှ တရားလိုပြုလုပ်ကာ ဝိုင်းမော်မြို့မရဲစခန်းတွင် ဦးဒိန်ဆောင်အပါအဝင် ၆ ဦးအား ပုဒ်မ ၃၅၄ ကာယိန္ဒြေပျက်စီးစေရန် လက်ရောက်ကျူးလွန်မှု၊ ပုဒ်မ ၂၉၄ ညစ်ညမ်းစွာပြောဆိုမှု၊ ပုဒ်မ ၃၄၁ မတရားတားဆီးကန့်ကွက်မှု၊ ပုဒ်မ ၃၂၃ မိမိအလိုအလျောက် နာကျင်စေမှု၊ ပုဒ်မ ၁၁၄ ပြစ်မှု ကျူးလွန်ရာတွင် အားပေးကူညီမှု၊ စသည့်ပုဒ်မများဖြင့် အမှုဖွင့်ခဲ့သည်။

"တရားမဝင် ဖမ်းဆီးချုပ်နှောင်တယ်၊ လူကိုဒဏ်ပေးတယ်၊ ပါးရိုက်တယ် ဆိုတာမျိုးက ကိုယ်ထိလက်ရောက်ကျူးလွန်တဲ့ အဆင့်ရောက်သွားပြီ။ တရားဥပဒေအကြောင်းအရ မလာဘဲနဲ့ မိုက်မိုက်ကန်းကန်း တကယ့်ဂိုဏ်းစတားတွေလို ပုံစံမျိုးကို လုပ်သွားတယ်ဆိုတာ ဘယ်လိုမှ ကျွန်တော်တို့ သည်းခံခွင့်လွှတ်လို့ မရဘူး"ဟု ဦးဘရန်မိုင်မှ ဆက်လက်ပြောကြားသည်။

မမွန်းမွန်းပန် အမှုဖွင့်ခဲ့ပြီးနောက် လက်ရှိအချိန်တွင် ဦးဒိန်ဆောင်နှင့် ၆ ဦးကို အာမခံပေးထားပြီး အမှုကို စစ်ဆေးလျက် ရှိနေကြောင်းလည်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)




အယ်ဒီတာ့အာဘော်

Editorial

## အသရေဖျက်ခံရသူလို့ ခံယူတိုင်း တရားစွဲသင့်ပါသလား

ဒီနေ့ မြစ်ကြီးနား သတင်းဂျာနယ်ကို သခင်စစ်ကုမ္ပဏီက အသရေဖျက်မှု ဖြစ်တဲ့ ပုဒ်မ ၅၀၀ နဲ့ တရားစွဲထားပါတယ်။ မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ ဖေဖော်ဝါရီ ၂၅ ရက်နေ့ထုတ် စာစောင်ထဲမှာပါတဲ့ "မန်ဒေါင်ကျေးရွာ အုပ်စုတွင် တရုတ်တစ်သျှူးငှက်ပျော စိုက်ပျိုးသည့် ကုမ္ပဏီနှစ်ခု ဝင်ရောက်လုပ်ကိုင်နေ"ဆိုတဲ့သတင်းတစ်ပုဒ်ဟာ သူတို့ကုမ္ပဏီရဲ့ ဂုဏ်သရေကို ထိခိုက်နစ်နာစေနိုင်တယ်လို့ ယူဆပြီး တရားစွဲခဲ့တာပါ။

ဒီပုဒ်မ ၅၀၀ မှာ ဖွင့်ဆိုထားတာက လူတစ်ဦးတစ်ယောက်ရဲ့ ဂုဏ်သရေကို ထိခိုက်နစ်နာစေနိုင်တဲ့ အရေးအသားပြုခဲ့ရင် အသရေဖျက်မှုမြောက်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကုမ္ပဏီနဲ့ အသင်းအဖွဲ့တွေအပေါ် စွပ်စွဲတာဟာလည်းပဲ အသရေဖျက်မှုမြောက်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

မြစ်ကြီးနားသတင်း ဂျာနယ်ကတော့ အထက်ပါသတင်းကို သတင်းမီဒီယာဥပဒေနဲ့ ကျင့်ဝတ်တွေအတိုင်း အများအကျိုးအလို့ငှာ သဘောရိုးနဲ့ နိုင်ငံသားတိုင်း သိခွင့်ရှိတဲ့ သတင်းအချက်အလက်ကို ကျင့်ဝတ်စည်းကမ်းနဲ့ အညီ အမှန်အတိုင်း စုံစမ်း၊ ဖော်ထုတ်ရေးသားခဲ့တာ ဖြစ်ပါတယ်။

နောက်ပြီး သတင်းမီဒီယာဥပဒေ အခန်း(၃)မှာ ဖော်ပြထားတဲ့ သတင်းမီဒီယာသမားတွေရဲ့ ရပိုင်ခွင့်ဆိုင်ရာ ပုဒ်မ ၄(ခ)အရ "သတင်းမီဒီယာသမားတွေဟာ နိုင်ငံသားတိုင်း သိခွင့်ရှိတဲ့ သတင်းအချက်အလက်နဲ့ သဘောထားအမြင်တွေကို ကျင့်ဝတ်စည်းကမ်းနဲ့အညီ စုံစမ်း၊ ဖော်ထုတ် ရေးသားခွင့်နဲ့ သတင်းထုတ်လုပ်ခွင့်ရှိတယ်"ဆိုတဲ့ အချက်အတိုင်း ရေးသားထုတ်ဝေခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အထက်ပါကိစ္စနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကလည်း သတင်းမီဒီယာသမားများရဲ့ သတင်းရေးသားချက်နဲ့ ပတ်သက်လို့ ကျေလည်မှုမရှိဘဲ နစ်နာတယ်လို့ ယူဆရင် သတင်းမီဒီယာဥပဒေအရ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးဖို့ အာဏာအပ်နှင်းခြင်း ခံထားရပြီး နိုင်ငံတော်သမ္မတကိုယ်တိုင် လမ်းညွှန်လို့ တရားဝင်ဖြစ်တဲ့ သတင်းမီဒီယာကောင်စီကို ဦးစွာတိုင်ကြားရမှာဖြစ်ကြောင်း မတ်လ ၁၃ ရက်နေ့မှာ သဘောထားထုတ်ပြန်ချက် တစ်စောင်ထုတ်ပြန်ခဲ့ပါသေးတယ်။

နောက်ပြီး ထုတ်ပြန်ချက်ထဲမှာ မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီ ဖော်ဆောင်နေချိန်ကာလမှာ သတင်းမီဒီယာတွေရဲ့ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်ကို ပိုမိုအားပေးရမည့်ကာလဖြစ်ကြောင်း ရေးထားပါသေးတယ်။

ဘယ်လိုစီးပွားရေးလုပ်လုပ် စီမံကိန်းဖြစ်ဖြစ် အများအကျိုးကို မျှော်ကိုးလို့ ရှေးရှုပြီးလုပ်ရမှာ ဖြစ်ပါတယ်။ သတင်းမီဒီယာသမားတွေက ဒီအချက်ကို အဓိကထားပြီးစုံစမ်းရေးသားတာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က "မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ဘယ်လိုပဲကြီးကျယ်တဲ့ စီမံကိန်းဖြစ်ဖြစ် အမြင်ကျယ်ကျယ်နဲ့ အဘက်ဘက်ကနေ စဉ်းစားဖို့ လိုတယ်"ဆိုပြီး မတ်လ ၁၄ ရက်နေ့က ပြည်မြို့မှာ လူထုနဲ့ တွေ့ဆုံစဉ် ပြောကြားခဲ့ပါသေးတယ်။

အဘက်ဘက်က စဉ်းစားကြည့်ရင် ဒီတရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးမှုကြောင့် ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေဟာ မြစ်ဆုံရေကာတာဆောက်လို့ ဖြစ်လာနိုင်တဲ့ ဆိုးကျိုးများလိုပဲ အများအကျိုးကို ထိခိုက်နိုင်စေမှာ ဖြစ်ပါတယ်။

တရုတ်တစ်သျှူးငှက်ပျော စိုက်ခင်းတွေကြောင့် ဒေသခံတွေရဲ့ သီးနှံပင်ပျက်စီးခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ တိရစ္ဆာန်တွေ အနာရောဂါဖြစ်ခြင်းနဲ့ ရေအခက်အခဲ စတာတွေကို ဖြစ်စေတယ်လို့ ဒေသခံများရဲ့ အမှန်အတိုင်း ပြောဆိုချက်တွေကို မြစ်ကြီးနားသတင်းဂျာနယ်က စုံစမ်း၊ ဖော်ထုတ်ပြီး အများအတွက် ရှေးရှုကာ ရေးသားခဲ့တာပါ။

ဒီနေ့ ဒီ တရုတ်တစ်သျှူးငှက်ပျောသတင်း ရေးသားမှုကြောင့် နစ်နာတယ်လို့ ခံယူသူတွေက တရားစွဲခဲ့တာကို အများနားလည် စဉ်းစားဝေဖန်နိုင်ဖို့ မြစ်ကြီးနားသတင်းဂျာနယ်က ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မတ် ၁၈ ၊ ၂၀၁၉ )

# မြေယာဆိုင်ရာ ဥပဒေပုဒ်မ (၆)ခု ပြင်ဆင်ရေး ဆွေးနွေး

မတ် ၁၄

နိုင်ငံရေးပါတီ ဦးဆောင်သော မြေယာပြဿနာများနှင့် ဥပဒေပြင်ဆင်ရေး လူထုဆွေးနွေးပွဲတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေပုဒ်မ (၆)ခုမှ အချို့ကို ပြင်ဆင်ရန် လိုအပ်ကြောင်းကို မတ်လ ၁၃ ရက်နေ့က မြစ်ကြီးနားမြို့ YMCA ခန်းမတွေ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေမှ ပြင်ဆင်စေလိုသည့် ပုဒ်မ(၆)ခုဖြစ်သော နိုင်ငံခြား၊ နိုင်ငံသား အခန်း (၈) ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်နှင့် အခွင့်အရေး ဥပဒေပုဒ်မ ၁၅(ဃ)နှင့် ပုဒ်မ ၁၆ ပုဒ်မခွဲ(င)ကို ပြင်ရမည်ဖြစ်ပြီး ၂၀၁၂ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ၂၀၁၈ ပြင်ဆင်ချက်၊ မြေလွတ်၊မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှု ပြင်ဆင်ချက် ဥပဒေ ပုဒ်မ ၂၆၊ ၂၇နှင့် ၂၂ (ခ)ကလည်း နားလည်မှု လွဲနေသည့်အနေအထား ရှိနေသဖြင့် လူထုနှင့် ဆွေးနွေးပြီး လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့်လည်း ပြောဆိုဆွေးနွေးရမည် ဖြစ်ကြောင်း၊ ၂၀၁၂ လယ်ယာမြေဥပဒေက အခန်း(၂) ပုဒ်မ ၆(က) ပိုဒ်ခွဲ(၅)၊ ပုဒ်မ(၇)၊ ပုဒ်မ(၈) သည် အဆိုးဆုံးဖြစ်သည့်အတွက် ပယ်ဖျက်ရမည့်ဥပဒေများဖြစ်ကြောင်း ကချင်အမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ဒေါက်တာအမ်ကောန်လက ရှင်းပြသည်။

"လက်ရှိ လယ်ယာမြေဥပဒေအားလုံးက စုစုပေါင်း ၆ခု ရှိတယ်။ အဲ့ထက်လည်း ပါလာဦးမယ်။ တိုင်းနဲ့ပြည်နယ်မှာရှိတဲ့ ဒေသခံလူထုတွေနဲ့ သဟဇာတမဖြစ်တာ ရှိတယ်။ နိုင်ငံတော်အစိုးရက စေတနာနဲ့ လုပ်လိုက်တာတော့ဟုတ်တယ်။ သဟဇာတ မဖြစ်တာ။ ကျွန်တော်တို့အနေနဲ့ Political Institution, CSO တွေနဲ့ တာဝန်ရှိတယ်လို့ ယူဆတယ်။ ယူဆတဲ့အတွက်ကြောင့်မလို့ ဒီ အစည်းအဝေးကို ခေါ်လုပ်တာ ဟုတ်တယ်။ ဒီနေ့က အဓိက အနေနဲ့ ဒီဥပဒေနဲ့ပတ်သက်ပြီး လူထုတွေရဲ့အသံကို နားထောင်ဖို့ ရည်ရွယ်ပြီးလုပ်ခဲ့တာပေ့ါ"ဟု ဒေါက်တာအမ်ကောန်လက ပြောသည်။

လွန်ခဲ့သည့်နှစ်စက်တင်ဘာလ ၁၁ ရက်က ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေသစ်တွင် မြေယာများကို သတ်မှတ်ရက်အတွင်း မလျှောက်ဘဲ အသုံးပြုလျှင် ထောင်ဒဏ် ၂ နှစ်ထိ သို့မဟုတ် ဒဏ်ငွေကျပ် ၅ သိန်း ကျခံရမည့်ဖြစ်ပြီးမြေလည်းသိမ်းယူခံရမည်ဟု ဖော်ပြထားပြီး ဖြစ်သည်။

အဆိုပါ ဥပဒေသစ်အရ သတ်မှတ်ရက် (၆) လသည် မတ်လ ၁၁ ရက်ကကုန်ဆုံးခဲ့ပြီးဖြစ်ရာ ယခုလက်ရှိတွင် တရားဝင် အသစ်ထုတ်ပြန်ထားသော ယင်းဥပဒေနှင့်ပတ်သက်ပြီး အစိုးရက ပြည်သူလူထုကို တိကျစွာရှင်းပြခြင်းမရှိသောကြောင့် တိုင်းရင်းသားဒေသများတွင် မြေယာပြဿနာများ ကြုံတွေ့နေရကြောင်း ဝိုင်းမော်မြို့နယ်မှ မြေယာဆိုင်ရာဥပဒေအကြံပေးတရားလွှတ်တော်ရှေ့နေဦးဂဲနက်စ်က ပြောသည်။

ဦးဂဲနက်စ်က "ပေးထားတဲ့ ဥပဒေပါ အခွင့်ရေးကို ကျွန်တော်တို့ အမိအရဆုပ်ကိုင်ပြီးမှ ကျွန်တော်တို့ဒေသကို စောင့်ရှောက်မှာလား။ ကျွန်တော် ဖယ်ဒရယ်လဇမ်ရဲ့ သဘောတရားကို ကျွန်တော်ပြောခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မြေယာ ပျောက်ဆုံးမှုတွေ၊ ဆုံးရှုံးမှုတွေ သယံဇာတရင်းမြစ်ကုန်ခမ်းမှုတွေနဲ့ ကြုံတွေ့ရမှာ ဖြစ်တဲ့အတွက် ဥပဒေပါအခွင့်အရေးအတိုင်း ကျွန်တော် ဥပဒေနဲ့ပဲ ပြန်ပြီးမှ အကျိုးစီးပွားကို ကာကွယ်ဖို့ လိုအပ်တယ်လို့ ကျွန်တော်ပြောကြားချင်ပါတယ်"ဟု ဖြည့်စွက်ပြောသည်။

ဆွေးနွေးပွဲတွင် ကချင်ပြည်နယ်တွင်း၌ လက်တွေ့ဖြစ်ပွားနေသည့် မြေယာပြဿနာနှင့် ဥပဒေရှုထောင့်နှင့်ပတ်သက်ပြီးပြဋ္ဌာန်းထားသည့် မြေယာဥပဒေများအပေါ် သုံးသပ်ချက်နှင့် ဥပဒေပြင်ဆင်ရေး လမ်းကြောင်းတင်ပြခြင်းကို လည်းဆွေးနွေးတင်ပြခဲ့သည်။

မွန်းမွန်းပန် / Benadeth

# တရုတ်ပြည်တွင် ဖြစ်ပွားနေသော ဝက်အပြင်းဖျားရောဂါကြောင့်မြစ်ကြီးနားမြို့တွင် ဝက်သားရောင်းအားကျဆင်း

မြစ်ကြီးနား၊ မတ်၁၅

တရုတ်နိုင်ငံမှာ အာဖရိက ဝက်အပြင်းဖျားရောဂါ (African Swine Fever)ကျရောက်ဖြစ်ပွားပြီး ဝက်အများအပြားသေဆုံးလျက်ရှိသည် ဆိုသည့် သတင်းပျံ့နှံ့နေမှုကြောင့် မြစ်ကြီးနားတွင် ဝက်သားဝယ်ယူစားသုံးမှု အလွန်လျော့ကျသွားကြောင်း သိရသည်။

ယခင်က တစ်နေ့လျှင် ဝက်အကောင်ရေ ၃၊ ၄ ကောင် ပုံမှန်ရောင်းရသော်လည်း မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တရုတ်နိုင်ငံတွင် ဝက်များ သေဆုံးနေသော သတင်းကြောင့် ယခုရက်များတွင် ဝက်သားရောင်းအား အလွန်ကျနေသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့ ရေစင်ကွင်းဈေးရှိ ဝက်ခုံပိုင်ရှင်တစ်ဦးက ပြောသည်။

"ပုံမှန်ဆိုရင်တော့ သုံးလေးကောင် ကုန်တာပေ့ါ။ အရမ်းရောင်းကောင်းရင် လေးကောင်လောက်ရတယ်။ အခုဆို တစ်ကောင် နှစ်ကောင်တောင် အနိုင်နိုင်ပဲ။ မနည်းရောင်းရတယ်။ သုံးရက်လောက်ရှိပြီ ကျသွားတာ"ဟု ၎င်းက ပြောသည်။

ယင်းသို့ဖြစ်ရခြင်းမှာ အာဖရိကန် ဝက်အပြင်းဖျားရောဂါ (African Swine Fever)သည် မြန်မာနိုင်ငံတွင် မဖြစ်ပွားသေးဘဲ အခြားနိုင်ငံများတွင်သာ ဖြစ်ပွားသော်လည်း လူမှုကွန်ရက်များမှ သတင်းများ ပျံ့နှံ့မှုကြောင့် စားသုံးသူများ ကြောက်လန့်လာခြင်းဖြစ်ကြောင်း ဝက်ခုံပိုင်ရှင်က ဆက်လက်ပြောသည်။

"ဖေ့စ်ဘုတ်ကနေ ဝက်တွေ ဟိုရောဂါဖြစ်တယ်၊ ဒီရောဂါဖြစ်တယ်နဲ့ ဘယ်သူမှ မဝယ်စားကြတော့ဘူး။ လူတွေက သိတယ်မလား၊ နိုင်ငံခြားမှာ ဖြစ်တာကို ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ မဝယ်စားကြဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

ဝက်အပြင်းဖျားရောဂါသည် လူကို ကူးစက်တတ်သော ရောဂါမဟုတ်ကြောင်းနှင့် တိရစ္ဆာန်များတွင်သာ ဖြစ်ပွားတတ်သောရောဂါ ဖြစ်ကြောင်း ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့က တရားဝင် ထုတ်ပြန်ကြေညာထားခဲ့ကြောင်း သိရသည်။

အာဖရိက ဝက်အပြင်းဖျားရောဂါ (African Swine Fever) ကျရောက်နေမှုကြောင့် မြန်မာနိုင်ငံတွင်လည်း ကူးစက်ရောဂါဝင်ရောက်မှု မရှိစေရန်အတွက် တရုတ်နိုင်ငံနှင့် ရောဂါဖြစ်ပွားနေသော နိုင်ငံများမှ ဝက်အကောင်အရှင်နှင့် ဝက်မှရသည့် ဝက်သား၊ ဝက်အေးခဲသား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများကို တင်သွင်းမှု ယာယီ ကန့်သတ်ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရားမဝင် အေးခဲ ဝက်သားတွေနဲ့ ဝက်မှရသည့်ပစ္စည်းများ တင်ပို့ခြင်း၊ သယ်ယူခြင်းနှင့် ရောင်းချခြင်းတို့ကို တားဆီးပိတ်ပင်မှုကို ပူးပေါင်းဆောင်ရွက်သွားရန် မတ်လ ၈ ရက်နေ့က တရားဝင် စာထုတ်ပြန်ထားသည်။

ကချင်ပြည်နယ် တရုတ် - မြန်မာ နယ်စပ်ဂိတ်များတွင်လည်း တရားမဝင်တင်သွင်းမှုများ မရှိစေရန် စစ်ဆေးမှုများ ပုံမှန်ပြုလုပ်လျက်ရှိရာ ဝက်အကောင်အရှင်များ တရားမဝင်တင်သွင်းမှုမရှိသော်လည်း ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း စသော ဝက်ထွက်ပစ္စည်းများကိုမူ အခြားကုန်ပစ္စည်းများနှင့် ရောနှောကာ သယ်ယူမှုများ ရှိနိုင်သော်လည်း အသေးစိတ် စစ်ဆေးမှုများ ပြုလုပ်ရန်အခက်အခဲများ ရှိနိုင်ကြောင်း အကောက်ခွန်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး စစ်ဆေးနေတယ်။ ဒါပေမဲ့ ဝက်အကောင်လိုက် တရားမဝင်သွင်းတာတော့ မရှိဘူး။ ဝက်နဲ့ဆိုင်တဲ့ ပစ္စည်းတွေကတော့ ကုန်စိမ်းကားကြီးတွေနဲ့ ညှပ်ပြီး သယ်တာမျိုးတော့ ရှိကောင်းရှိမယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခက်အခဲက ကားတွေက အများကြီးဆိုတော့ အကုန်ချပြီး မစစ်နိုင်ဘူး။ အချိန်ကြန့်ကြာရင် နောက်က ကားသမားတွေက စိတ်မရှည်တာမျိုးတွေ ရှိလာမယ်"ဟု ဦးမောင်ဝင်းက ပြောသည်။

အာဖရိက ဝက်အပြင်းဖျားရောဂါ (African Swine Fever)သည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တရုတ်နိုင်ငံ ယူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံ အရှေ့မြောက်ဒေသ၊ အလယ်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသတို့ရှိ ပြည်နယ်အချို့၏ ဝက်ခြံပေါင်း (၁၀၄)ခြံတွင် ရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ဝက်အကောင်ရေ (၁,၀၀၀,၀၀၀)ကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း သိရသည်။ ■

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၄

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ယူနန်ပြည်နယ်အပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ဒေသ၊ အလယ်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသတို့ရှိ ပြည်နယ်အချို့ရှိ ဝက်ခြံပေါင်း (၁၀၄) ခြံတွင် ရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ဝက်ကောင်ရေ (၁၀၀၀၀၀၀) အား သုတ်သင်ရှင်းလင်းခဲ့ရသောကြောင့် မိမိနိုင်ငံရှိ ဝက်ခြံများကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကိုအထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း / ကျန်ကျွေးခြင်းမပြုလုပ်ရန်၊ မီးဖိုချောင်ထွက် အသားအပိုင်းအစများကို အစာကြွင်းကျန်ထဲမထည့်ရန်နှင့် အိမ်မွေးဝက်များကိုမကျွေးရန်၊

(ဃ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင် အထွက်ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊

(စ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊ ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဆ) ပြည်ပမှ တရားမဝင် တင်သွင်းလာသောဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဇ) တောဝက်နှင့် အိမ်မွေးဝက်များရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်နှင့် တောဝက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်၊

(ဈ) တောဝက်နှင့် အိမ်မွေးဝက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ည) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန





**တုတ်ထိုး** - ပြင်ပြီ၊ ပြင်လိုက်ပြီ။ ပြင်လိုက်ပြီဗျို့။
အိုးပေါက် - ဒါပေ့ါ၊ ဒီလိုပဲ ဖြစ်ရမှာပေ့ါ။ နောက်ဆုံးတော့ ၂၀၀၈ ဖွဲ့စည်းပုံကို ပြည်သူ့အားနဲ့ ပြင်နိုင်ရမှာပေ့ါ။

**တုတ်ထိုး** - ဘာတွေ လျှောက်ပြောနေတာတုန်း။ ကျုပ်ပြောတာကို ခြံထဲမှာ ရှိတဲ့ နွားကြီးကို သင်းကွပ်လိုက်ပြီးပြင်လိုက်ပြီလို့ ပြောတာဗျ။
**အိုးပေါက်** - ကျုပ်က ခြေ/ဥ ပြင်တယ် ပြောနေတယ်ထင်တာ။ ဥတော့ ဥပဲ။ နွားဥနဲ့ ခြေဥပဲ လွဲသွားတာ။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ဒါနဲ့ဗျာ။ ကျုပ်တို့ အရင်တစ်ပတ်ကထိုင်း-မြန်မာနယ်စပ်မှာရှိတဲ့ ရွှေကုက္ကိုမြို့အကြောင်း ပြောခဲ့ကြတယ်နော်။ ကရင် နယ်ခြားစောင့်တပ် (BGF) နဲ့ တရုတ်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Myanmar Yatai International Holding Group Co.ltd တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေတဲ့ အိမ်ရာစီမံကိန်းမှာ အိမ်ရာ ၁၉ လုံးကိုသာ ဆောက်လုပ်ခွင့် ပြုထားတာတဲ့ဗျ။
**အိုးပေါက်** - အခုတော့ လက်စ်ဗီးဂတ်စ်ရောက်နေသလို ဖြစ်နေတာနော်။

**တုတ်ထိုး** - တကယ်တမ်းက လောင်းကစားမြို့တော် တည်ဆောက်ဖို့ ခွင့်ပြုထားခြင်း မရှိဘူးတဲ့ဗျ။ တည်ဆောက်နေတဲ့ စီမံကိန်းမှာ ဒေသခံလုပ်သားတွေ မပါဘူး။ တရုတ်လူမျိုးလုပ်သားချည်းပဲ။
**အိုးပေါက်** - အင်း၊ ဒီတစ်ပါတ် News Watch Weekly ထဲမှာ ဆရာသရဝဏ်(ပြည်) ရေးထားတဲ့ "အနောက်ကို ကြည့်လွန်းလျှင် အရှေ့ကိုမမြင်နိုင်"ဆိုတဲ့ ဆောင်းပါးကို သတိရမိတယ်ဗျ။

**တုတ်ထိုး** - ဆရာသရဝဏ်(ပြည်)က ဘာရေးထားသတုန်း။
**အိုးပေါက်** - အနောက်ဆိုတာ ရခိုင်အရေးပေ့ါဗျာ။ ဘင်္ဂါလီတွေ အရေးပေ့ါ။ တိုက်ပွဲတွေ ဖြစ်တယ်။ အရပ်သားတွေ သေတယ်။ စစ်ပြေးစစ်ရှောင် ဒုက္ခသည်တွေ ပေါလာတယ်။ AA အဖွဲ့ဝင်အချို့လည်း သေသလို တပ်မတော်ဘက်ကလည်း အကျအဆုံးရှိတယ်။ ပြီးတော့ ဆရာက ဘာရေးထားလဲဆိုတော့ "..... မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အခြေအနေသည် ရှုပ်ထွေးနေသည်။ မြန်မာတစ်နိုင်ငံလုံး၏ အာရုံသည် ရခိုင်ရောက်နေကြသည်။ ထိုသို့ အနောက်ဘက်တံခါးအတွက် အလုပ်များနေ၊ အာရုံစိုက်နေကြရသဖြင့် အရှေ့ဘက်တံခါးကိစ္စကို လူထုမေ့နေကြသည်။ အစိုးရကလည်း မေ့နေသည်လား။ သူ့အပူနှင့်သူလားတော့မသိ။ သိပ်ပြီး အလေးပေး စဉ်းစားတာမရှိသလိုဖြစ်နေသည်။ ဘောလုံးစကားနှင့် ပြောရလျှင် မြန်မာအသင်းသည် အနောက်ဘက်ခြမ်းတွင်သာ ဘောလုံးအပေးအယူလုပ် ကစားနေပြီး အရှေ့ဘက်အခြမ်းသို့ ဘောလုံးပေးပို့ ကစားကွက်ဖော်မှု နည်းနေသလို ဖြစ်နေသည်"လို့ သုံးသပ် ရေးသားထားသဗျ။

**တုတ်ထိုး** - ပြီးခဲ့တဲ့ လတုန်းကလည်း သတင်းတစ်ပုဒ်တက်လာတယ်။ မြန်မာ-တရုတ် နယ်စပ် BP 144(3/4)အနီးမှာ စိုက်ထားတဲ့ မြန်မာနိုင်ငံအလံတော်ကို တရုတ်စစ်သားတွေက ဖျက်ဆီးခဲ့ကြတယ်။
အိုးပေါက် - ဟုတ်တယ်။ ကျုပ်လည်း ဒီ သတင်းကို အင်တာနက်ပေါ်မှာ ဖတ်လိုက်ရတယ်။

**တုတ်ထိုး** - ပြီးတော့ ဆရာက ရေးထားသေးတယ်။ ပင်လယ်ထွက်ပေါက် ပိတ်နေတဲ့ တရုတ်ပြည် ယူနန်ပြည်နယ်အတွက် ကူမင်း-ကျောက်ဖြူရေနံပိုက်လိုင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း လုပ်ပိုင်ခွင့်တွေ တရုတ်တွေ ရသွားကြတယ်။ တရုတ်ဟာ ရခိုင်ပြည်နယ် စစ်တွေကမ်းလွန်ဒေသမှာရှိတဲ့ မြန်မာ့သဘာဝ ဓာတ်ငွေ့သိုက်ကိုလည်း လက်ဝါးကြီးအုပ်ထားနိုင်တယ်တဲ့ဗျ။
**အိုးပေါက်** - တရုတ်ကတော့ သတိထားရမှာပဲ။ သစ်မှောင်ခိုကိစ္စတွေ၊ အမျိုးသမီး လူမှောင်ခိုကိစ္စတွေ၊ တစ်သျှူးငှက်ပျောကိစ္စတွေ။ ဆရာသရဝဏ်(ပြည်) ရေးထားသလိုပဲ အနောက်ကို ကြည့်လွန်းရင် အရှေ့ကိုမမြင်နိုင်မှာ စိုးပါတယ်။

**တုတ်ထိုး** - တရုတ်ငှက်ပျောဆိုလို့ မြစ်ကြီးနားသတင်းဂျာနယ်က သတင်းထောက်လေးတွေကို ငှက်ပျောသတင်း ရေးလို့ ထိုင်ထလုပ်ခိုင်းတာတဲ့နော်။ အဲ့ဒါနဲ့ ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်ကို ဘနားနားဂျာနယ်လို့တောင် ပြောနေကြတယ်။
**အိုးပေါက်** - ဒါပဲ။ သတင်းမီဒီယာအပေါ်မှာလည်း တရုတ်က ငြိနေသေးတာပဲ။ မြစ်ဆုံကိစ္စ၊ ငှက်ပျောကိစ္စ။

**တုတ်ထိုး** - ဒီတော့ အနောက်လည်း သတိရှိကြ၊ အရှေ့ကိုလည်း ပစ်မထားကြပါနဲ့။
**အိုးပေါက်** - ဒါနဲ့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နဲ့ GGS ကုမ္ပဏီက တာဝန်ရှိသူ သုံးဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပေဒနဲ့ အမှုဖွင့်အရေးယူထားတယ်ဗျနော်။

**တုတ်ထိုး** - တနင်္သာရီမှာ အရင်ကတည်းက အစဉ်အလာလို ဖြစ်နေတာ။ ကြံ့ခိုင်ရေးပါတီ ဦးဆောင်တဲ့ အစိုးရလက်ထက်တုန်းကလည်း တနင်္သာရီမှာ ဝန်ကြီးချုပ်အပြောင်းအလဲတွေ ဖြစ်ခဲ့တယ်။ အခုလည်း ဖြစ်တယ်။
**အိုးပေါက်** - အခု အဂတိလိုက်စားမှုက ရရှိထားတဲ့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေ၊ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေ ဘာလုပ်မှာလဲ။

**တုတ်ထိုး** - နိုင်ငံတော်ပိုင်အဖြစ် သိမ်းရမှာပေ့ါ။
**အိုးပေါက်** - အကုန်လုံး သိမ်းသင့်သလားဗျ။

**တုတ်ထိုး** - ဒါတော့ ဘယ်သိမလဲဗျာ။ တရားသူကြီးတွေကိစ္စ၊ ရဲတွေကိစ္စ ဖြစ်မှာပေ့ါ။ ဝန်ကြီးမဖြစ်ခင်က ပိုင်ဆိုင်မှုစာရင်းတွေကို လွှတ်တော်မှာ တင်ပြရတယ်မဟုတ်လား။ ခံစားရတဲ့ လစာအခွင့်အရေးတို့၊ နဂိုပိုင်ဆိုင်မှု ရှိရင်းစွဲတွေတို့ အဲ့ဒါတွေ ချန်ထား၊ ကျန်တာ ပြည်သူပိုင် သိမ်းလိုက်ရုံပေ့ါဗျာ။ ရှင်းနေတဲ့ ကိစ္စကို။
**အိုးပေါက်** - ဒါပေ့ါ။ အရင်က ပိုင်ဆိုင်မှုတွေ ပြန်ပေး။ လာဘ်
စားတာတွေ ပြန်သိမ်းပေ့ါ။

**တုတ်ထိုး** - ခြေမ မကောင်း ခြေမ။ လက်မ မကောင်း လက်မပေ့ါဗျာ။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း လာဘ်စားရဲစားကြည့်၊ မညှာဘူး။ ထောင်ဝင်စာတော့ လာတွေ့မယ်လို့ မကြာခဏ ပြောတာပဲဗျို့။

**အိုးပေါက်** - တချို့ပါတီတွေကတော့ ပြောကြတယ်။ NLD ပါတီကလည်း ခိုးတတ်လာပြီ ဆိုတာမျိုးပေ့ါ။

**တုတ်ထိုး** - NLD ပါတီက ခိုးတာမဟုတ်ပါဘူး။ ဒေါ်လဲ့လဲ့မော်
ခိုးတာပဲဗျာ။ ဒါကြောင့် အရေးယူတယ်လေဗျာ။ ရှင်းရှင်းလေးပဲ။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပြောခဲ့တာပဲလေ။ အဂတိလိုက်စားတာတွေ့ရင် အချက်အလက် အပြည့်အစုံနဲ့ တိုင်။ အရေးယူမယ် ပြောခဲ့တာပဲ။ အခု အရေးယူတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိတယ်။ အဘတွေကတော့ ဒီလိုမဟုတ်ပေါင်။ နောက်ကြောင်းပြန် အရေးမယူရဘာညာ။ အောင်မယ်၊ ဥပဒေတောင် ပြဌာန်းလိုက်သေး။ ဟာဟ။
**အိုးပေါက်** - အင်း။ အဘတွေခေတ်က ခိုးတဲ့လူတွေ ထောင်ထဲထည့်။ ဒီလို စိန်ခေါ်ကြေးဆို ကြည့်ကောင်းလိုက်မယ့် ဖြစ်ခြင်းဗျာ။

**တုတ်ထိုး** - အောင်မယ်။ သူခိုးပါတီဆိုပြီး ထောင်ထဲပြည့်နေမှ အခက်ပေ့ါ။
**အိုးပေါက်** - အခုဆိုရင် ဒေါ်လဲ့လဲ့မော်သတင်းကြားပြီး လိပ်ပြာမလုံတဲ့လူတွေ ဘုရားတရားမြဲအောင် နေနေကြလောက်ပြီ။

**တုတ်ထိုး** - အင်တာနက်ပေါ်မှာ ဖတ်မိတာလေးတောင် သတိရမိတယ်။
**အိုးပေါက်** - ဘာတဲ့တုန်း။

**တုတ်ထိုး** - တစ်ခါကတဲ့။ ဝန်ကြီးတစ်ပါးဟာ နယ်တွေကို ကွင်းဆင်းစစ်ဆေးဖို့ သွားရင်း အထက်တန်းကျောင်းတစ်ကျောင်းကို ရောက်သွားတယ်။ ကျောင်းမှာ ဘယ်လိုအခက်အခဲတွေ ရှိလဲဆိုပြီး မေးတာပေ့ါ။ ဒီတော့ ဆရာ၊ ဆရာမတွေကလည်း ရာသီဥတု အလွန်ပူပြင်းတဲ့အတွက် ကျောင်းသားတွေ စာသင်ရာမှာ စိတ်ဝင်စားမှု လျော့နေပါတယ်ဆိုပြီး တင်ပြကြတယ်။
**အိုးပေါက်** - ဒါပေ့ါ။ တင်ပြသင့်တာပေ့ါ။

**တုတ်ထိုး** - ဒါနဲ့ ဝန်ကြီးက ကျောင်းမှာ ပန်ကာတွေ ချက်ချင်းတပ်ဆင်ပေးဖို့ တာဝန်ရှိသူတွေကို မှာကြားလိုက်သတဲ့ဗျ။
**အိုးပေါက်** - တော်လိုက်တဲ့ ဝန်ကြီးဗျာ။

**တုတ်ထိုး** - အဲဒီနောက် ဝန်ကြီးနဲ့အဖွဲ့ဟာ အကျဉ်းထောင်တစ်ခုကို စစ်ဆေးဖို့ သွားခဲ့ကြသတဲ့ဗျ။ အကျဉ်းထောင်မှာ လိုအပ်တာတွေရှိလား မေးတာပေ့ါ။ ဒီတော့ တာဝန်ရှိသူတွေက ရာသီဥတု ပူအိုက်တဲ့အတွက် ထောင်သားတွေ ပင်ပန်းပြီး မစားနိုင်၊ မသောက်နိုင် ဖြစ်နေကြပါတယ်လို့ ပြောတာပေ့ါ။
**အိုးပေါက်** - ထောင်ထမင်း၊ ထောင်ဟင်း ဆိုတော့လည်း ဖြစ်သလို နေမှာပါပဲ။

**တုတ်ထိုး** - ဒီတော့ ဝန်ကြီးက အဲယားကွန်းတွေ တပ်ပေးဖို့၊ အသားဟင်းနဲ့ နေ့တိုင်း ချက်ပြုတ်ပေးဖို့ မှာကြားခဲ့ပြီး ပြန်ခဲ့သတဲ့။
**အိုးပေါက်** - တော်တော် အကြင်နာတရားနဲ့ ပြည့်ဝတဲ့ ဝန်ကြီးပဲဗျ။

**တုတ်ထိုး** - လမ်းရောက်တော့ ဝန်ကြီးနဲ့ အတွင်းရေးမှူးက မေးတယ်။ ဘာလို့ အထက်တန်းကျောင်းတွေမှာ ပန်ကာတပ်ခိုင်းပြီး ထောင်ကိုတော့ အဲယားကွန်းတွေတပ်၊ အသားဟင်းနဲ့ ထမင်း ကျွေးခိုင်းရတာလဲပေ့ါ။
**အိုးပေါက်** - ဒီတော့ ဝန်ကြီးက ပြန်ပြောသတဲ့။ "ဟကောင်ရ၊ ငါတို့အရွယ်က ကျောင်းကို နောက်ထပ်တက်ရမယ့်အရွယ် မဟုတ်တော့ဘူး။ ဒါပေမဲ့ ထောင်ထဲတော့ အချိန်မရွေး ရောက်သွားနိုင်တယ်ကွ" တဲ့။

**တုတ်ထိုး** - ပြည်သူ့ချဉ်ဖတ် ဝန်ကြီးပါဗျာ။
**အိုးပေါက်** - ကိုင်း၊ ကျောင်းများလည်း ကောင်း၍ ထောင်သားများလည်း အသားဟင်းကောင်းကောင်း စားနိုင်ကြပါစေဗျာ။ ။ ■

# ငွေကြယ်တပွင့် ကြွေလွင့်ရှာပြီ

အင်ခိုင်ဘွမ် ရေးသားသည်

မြစ်ကြီးနားနှင့် ခခရန်း ရန်ရွာသည် ကိုးဆယ့်လေး မိုင်ကွာသည်။ အစိုးရတပ်များသည် သည်မျှကြမ်းတမ်းသည့်ခရီးကို လာလိမ့်မည်ဟု တမွတ်လှမထင်။ ညဥ့်တဝက်ဆိုလျှင် မိမိကင်းလှည့် ပြီးဆုံးတော့မည်။ ပြီးလျှင် အင်ဂျန်နော်လကို နိုးရမည်။ သူသည် အလွန်နိုးရခက်သည်။ အင်ဂျန်နော်လသည် ဆိုင်လိုင်ခတောင်ကျရေမှ ရေစမ်းတွင် မစူးမစမ်း ရေသောက်မိရာမှ စိတ်မတည်မငြိမ် ဖြစ်ခဲ့ဖူးသည်။ လူကြီးသူမများ၏ အဆိုအရ ဆိုင်လိုင်ခ ချောင်းဖျားတွင် တစ်နှစ်လျှင်တစ်ကြိမ် ကြီးမားလှသောစပါးကြီးမြွေကြီး ရေစိမ်တတ်သည်။ မြွေကြီး ရေစိမ်ခိုက်နှင့်ကြုံပြီး ဆိုင်လိုင်ခ တောင်ကျရေကို သောက်မိလျှင် ရူးတတ်သည်ဟု ဆိုသည်။ ယခုလည်း သူက တည်တည်ငြိမ်ငြိမ် မဟုတ်။

ညဥ့်တစ်ဝက်က ကြာလွန်းသည်။ နှင်းမှုန်များ တဖွဲဖွဲကျနေပြီး အေးလွန်းလှသည်။ တမွန်လှ လက်အစုံကိုပိုက်၍ သစ်ပင်ကို မှီလိုက်သည်။ သိုးမွေးခေါင်းစွပ်ဟောင်းကို နားရွက်ဖျားလုံအောင် ဆွဲချလိုက်သည်။ သစ်ပင်ကိုမှီထားရင်း တဖြည်းဖြည်း၊ တငြိမ့်ငြိမ့်၊ တသိမ့်သိမ့်စိတ်တို့ ရွှေ့လျားနေသည်။ တမွန်လှသည် ဖခင်၏အမွေ တူမီးသေနတ်ကိုကိုင်လျက် လှည့်ပတ်သွားလာနေသည်။ သည် တောင်ယာအခြေတွင် ပြောင်ခြေယာများ တွေ့ခဲ့သည်ဟု ရွာသားတစ်ဦးက ပြောသည်။ ထိုသတင်း ကြားပြီးကတည်းက ယမ်းမှုန့်များကို နေကြပ်ကြပ်ပြပြီး ဘူးခြောက်တွင် ထည့်ကာ လုံလုံခြုံခြုံသိမ်းထားခဲ့သည်။ ခဲလုံးများကို စိတ်တိုင်းကျ လုံးပြီးခဲ့ပြီ။

ယမ်းမှုန့်ထည့်ပြီး ခဲအသင့်ဖြည့်ထားသော တူမီးကို ဂရုတစိုက်ကိုင်ရင်း လျှိုထဲသို့ ဆင်းခဲ့သည်။ ဆိုင်လိုင်ခချောင်းက တသွင်သွင်စီးနေသည်။ သဲပြင်ထက်တွင် အငွေ့တထောင်းထောင်းထနေသော ပြောင်ချေးပုံကို တွေ့လိုက်ရသည်။ ပြောင်ခြေရာများကိုလည်း နေရာအနှံ့တွင် တွေ့လိုက်ရသည်။ တစ်ဘက် တောင်ခင်ကြောသည် ယခင်က လနန်တူးတို့ တောင်ယာဟောင်း ဖြစ်ခဲ့ဖူးသည်။ ၁၉၆၃ ခုနှစ်ခန့်မှစ၍ သုံးလေးနှစ်မျှ စွန့်ပစ်ထားသဖြင့် တောထူ၍ သွားရမလွယ်ကူတော့။ ဒီတောင်ကြောထက်တွင် အမဲကောင်ခိုအောင်းနေမည်မှာ သေချာသည်။ တောင်ယာဟောင်းထဲတွင် လှည့်လည်ကျက်စားနေပေမည်။

နာရီတစ်ပိုင်းမျှ တမွတ်လှ တောင်ကြောအထက်သို့ တက်ခဲ့သည်။ အမဲကောင်၏ အသံဗလံ ကြားလိုကြားငြားရပ်တန့် နားထောင်ကြည့်သည်။ ဘာသံမှမကြားရ။ ရှေ့သို့ ဆက်လှမ်းခဲ့သည်။ ထိုအခိုက် ဖူးကနဲ ဖူးကနဲ နှာမှုတ်သံကို ကြားလိုက်ရသည်။ တူမီးကို အသင့်ပြင်ထားလိုက်သည်။ နောက်ထပ် ဘာသံမျှ မကြားရ၍ ဂရုတစိုက်နှင့်ရှေ့သို့လှမ်းခဲ့သည်။ ယခင်က တောင်ယာစောင့် တဲဟောင်းလေးသည် ကျိုးတိုးကျဲတဲ ဆွေးလျက်ရှိသည်ကို တွေ့ရသည်။ တဖြည်းဖြည်းတိုးရင်း ကိုင်းမြက်များကို တွန်း၍ တက်လိုက်ရာ မဲမဲနက်နက် သတ္တဝါတစ်ကောင် ဝုန်းကနဲ ထလိုက်သည်ကို အလန့်တကြား တွေ့လိုက်သည်။

အမဲကြီး၏ လည်တိုင်နှင့် လက်ပြင်စပ်ကို ချိန်၍ ခလုတ်ကို ဆွဲလိုက်သည်။ ချက်ကနဲမြည်သွားပြီး ယမ်းမှုန့်ကိုမီးကူး၍ မီးခိုးတန်းလေး တရှဲရှဲထွက်လာသည်။ ခဏကြာမှ တူမီး၏ပြောင်းဝမှ မီးပွင့်လျက် မီးခိုးလုံးတစ်ချက်ထွက်သွားပြီး ပြင်းထန်မြည်ဟိန်းသော ပေါက်ကွဲသံကို ကြားလိုက်ရသည်။ မိမိပခုံးကိုလည်း ထင်းခြမ်းတခြမ်းအရှိန်ပြင်းစွာ မှန်လိုက်သည့်အလား ခံစားလိုက်ရသည်။ ရှေ့မှ ပြောင်ကြီးကမူ တုတ်တုတ်မျှမလှုပ်ဘဲ ဖူးခနဲ ဖူးခနဲ နှာမှုတ်လျက် ရှိသည်။ တမွတ်လှ အချိန်မဖြုန်းဘဲ ခါးပတ်ကြားတွင် ညှပ်လာသော ဘူးခါးခြောက်၏ ကြိုးကို ဖြုတ်၍ တူမီးကိုထောင်ကာ ယမ်းမှုန့်ထပ်ဖြည့်သည်။ ယမ်းမှုန့်သိပ် သံချောင်းဖြင့် လေးငါးချက် ခပ်နာနာ ထောင်းသိပ်၏။ ဘောင်းဘီအိတ်ထဲမှ ခဲလုံးလေးကို ထပ်မံနှိုက်ကာ ပြောင်းတွင်းသို့ ထည့်လိုက်ပြန်သည်။ ထို့နောက် ငူငူကြီးရပ်လျက်ရှိသော ပြောင်ကြီးကို ပစ်လိုက်ပြန်သည်။

နောက်တစ်ချက် နောက်တစ်ချက် ဆက်တိုက်ပစ်သည်။ တူမီးသေနတ် အဆုံးတွင် ပြောင်ကြီးသည် မိမိထံသို့ တည့်တည့်ကြီး ပြေးဝင်လာသည်။ ယမ်းဖြည့်ချိန် မရဘဲ ညာဘက်နှစ်လှမ်းကွာသို့ ခုန်ထွက်လိုက်ရသည်။ ခန္ဓာကိုယ် တစ်ခြမ်းသည် ပြင်းထန်သော လေအရှိန် ဟပ်သွားသည်။ ခွေခွေလေး လဲကျသွားသည့်အခိုက် မိမိ တက်လာသော တောင်ကြောတစ်လျှောက် ကျောက်တုံးကြီးတစ်တုံး လိမ့်ဆင်းသွားပြီး ဝါးရုံပင်များတဖြုံးဖြုံးရိုက်သံများဖြင့် ဆူညံသွားသည်။ တမွတ်လှလည်း ပြန်ထပြီး စွပ်ကြောင်းတစ်လျှောက် လိုက်ခဲ့သည်။ ဆိုင်လိုင်ခချောင်းဘေး သဲပြင်ထက်တွင် အမဲကောင်ကြီးသည် သွေးချင်းချင်းနီလျက် ငြိမ်သက်နေပေပြီ။

အိပ်တစ်ဝက် နိုးတစ်ဝက် စိတ်အာရုံတွင် တုန်ဟီးမြည်ဟီးသံ၊ ပေါက်ကွဲသံများကို ကြားနေရသည်။ သစ်ပင်ကို ကြောမှီပြီး ငိုက်နေရာမှ တူမီးကို အသင့်ကိုင်ရင်း ပတ်ဝန်းကျင်ကို တမွတ်လှ ပြာပြာသလဲ အကဲခတ်လိုက်သည်။ အလိုလေး. . အရပ်လေးမျက်နှာတွင် အစိုးရတပ်သားများ အပြေး ချီတက်လာနေကြပြီ။ ညဥ့်တိုက်ပွဲဆင်လျက် အငိုက်ဝင်လာကြချေပြီ။ တမွတ်လှလည်း ရှေ့ကိုက်တစ်ရာခန့် တောင်ယာစောင်းအတိုင်း အပြေးဆင်းကာ လူများကြားသို့ တူမီးခလုတ် ဖြုတ်လိုက် သည်။ တူမီးပြောင်းဝမှ ပေါက်ကွဲသံမဆုံးမီ လေးငါးချက်ဆက်တိုက် ဆွဲလိုက်သော ဂျီသရီးရိုင်ဖယ်သံက ပွင့်အံထွက်ခဲ့သည်။ သစ်ပင်ရိပ်မှ တမွတ်လှ၏ခန္ဓာကိုယ်သည် ဆက်ခနဲ ဆက်ခနဲ တွန့်၍သွားသည်။ ပြီးနောက် ဖိုင်းကနဲ လဲကျသွားခဲ့သည်။ ပြီးနောက် ပေါက်ကွဲသံများ၊ သေနတ်သံများ ပြန်လည် တိတ်ဆိတ်သွားခဲ့လေတော့သည်။

ရည်ညွှန်း - ငွေကြယ်တစ်ပွင့်ကြွေလွင့်ရှာပြီ၊ ခင်မောင်အေး-မန္တလေး၊ ရှုမဝမဂ္ဂဇင်း၊ အောက်တိုဘာ ၁၉၆၇။




# ကွန်ပျူတာနှင့် နေ့စဉ်ထိတွေ့နေသူများအနေဖြင့် မျက်စိကျန်းမာရေးအတွက် ပြုလုပ်သင့်သောအချက်များ

လူ့အဖွဲ့အစည်းတစ်ခု၏ တိုးတက်ပြောင်းလဲလာသည့် ဆယ်စုနှစ်တစ်ခုတွင် ကွန်ပျူတာသည် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတွင် မရှိမဖြစ် အသုံးပြုရန်လိုအပ်သည့် ကိရိယာပစ္စည်းတစ်ခု အဖြစ် နေရာယူလာခဲ့လေသည်။ ကွန်ပျူတာကို လုပ်ငန်းခွင်၊ ပညာရေးနှင့် လူမှုဆက်သွယ်ရေး နယ်ပယ်တို့တွင် အကျယ်တဝင့် အသုံးပြုလာကြသည်။ ကွန်ပျူတာသည် လုပ်ငန်းခွင်တွင် များစွာ အထောက်အကူပြုသည်မှာ ငြင်းနိုင်ဖွယ်မရှိသော်လည်း တစ်ဖက်တွင် အသုံးပြုသူများအတွက် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေသည်။ ဗြိတိန်လေ့လာရေး အဖွဲ့အစည်းတစ်ခု၏ လေ့လာဆန်းစစ်ချက်အရ ကွန်ပျူတာကို အသုံးပြု၍ အလုပ် လုပ်နေကြသည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသည် အမြင်အာရုံကြော ပြဿနာကို ခံစားနေရလေသည်။

ကွန်ပျူတာဖြင့် အလုပ်လုပ်ရာတွင် အချိန်ကြာမြင့်စွာ ဖန်သားပြင်နှင့် ထိတွေ့ရသည့်အတွက်ကြောင့် မျက်လုံးနာကျင်ခြင်း၊ မျက်လုံးနီရဲခြင်းနှင့် မျက်လုံးယားယံခြင်း ကဲ့သို့သော အမြင်အာရုံပြဿနာများ ဖြစ်ပေါ်လာတတ်လေသည်။ ထို့ကြောင့် ကွန်ပျူတာကို နေ့စဉ်အသုံးပြုနေရသည့် သူများအတွက် မိမိတို့မျက်စိ ကျန်းမာရေးအတွက် ပြုလုပ်သင့်သည့် လုပ်ဆောင်ချက်များကို မျှဝေပေးလိုက်ပါသည်။

(၁)မျက်လုံးကို အနားပေးခြင်း

နေ့စဉ် ကွန်ပျူတာအသုံးပြု၍ အလုပ်လုပ်နေရသည့်သူများ အနေဖြင့် ၂၀-၂၀-၂၀ နည်းလမ်းလေးကို အသုံးပြုစေလိုပါသည်။ ၂၀-၂၀-၂၀ နည်းလမ်းဆိုသည်မှာ ကွန်ပျူတာအသုံးပြုသည့်အချိန် မိနစ်နှစ်ဆယ်ကြာသွားတိုင်း ကျွန်ုပ်တို့မျက်စိကို စက္ကန့် နှစ်ဆယ်အနားပေး၍ပေနှစ်ဆယ်အကွာမှ အရာဝတ္ထုတစ်ခုခုကို ကြည့်ခြင်းပင် ဖြစ်လေသည်။

(၂) မကြာခဏ မျက်တောင်ခတ်ပေးခြင်း

နာရီအတော်ကြာသည့်တိုင်အောင် ကွန်ပျူတာအသုံးပြုသူများအနေဖြင့် မကြာခဏမျက်တောင် ခတ်ပေးသင့်လေသည်။ ကွန်ပျူတာ ဖန်သားပြင်ကို အချိန်အတော်ကြာအောင် စိုက်ကြည့်နေခြင်းကြောင့် မျက်စိနီရဲခြင်းနှင့် ယားယံခြင်းများ ဖြစ်ပေါ်စေလေသည်။

(၃) ကွန်ပျူတာ၏တည်နေရာကို ချိန်ညှိခြင်း

ကျွန်ုပ်တို့အသုံးပြုမည့် ကွန်ပျူတာကို တည်နေတကျ မှန်မှန်ကန်ကန်ထားခြင်းသည်လည်း မျက်စိနာကျင်ခြင်းမှ သက်သာစေပါသည်။ ကျွန်ုပ်တို့အသုံးပြုမည့် ကွန်ပျူတာကို မျက်စိအောက် ၁၅ဒီဂရီ (သို့မဟုတ်) ၂၀ဒီဂရီကြားထားရှိသင့်ပြီး မျက်စိနှင့် ၂၀လက်မ(သို့မဟုတ်) ၂၈ လက်မကြား အကွာအဝေးတွင် ထားရှိသင့်ပေသည်။

(၄) ကွန်ပျူတာ၏ အလင်းကိုလျှော့ချခြင်း

ကွန်ပျူတာ၏အလင်းတောက်ပမှု လွန်ကဲနေလျှင် မျက်စိနာကျင်ခြင်းနှင့် ခေါင်းကိုက်ခြင်းကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အသုံးပြု မည့်ကွန်ပျူတာ၏ အလင်းတောက်ပမှုကို လျှော့ချသင့်ပေသည်။ ထို့အပြင် ကွန်ပျူတာဖန်သားပြင်ကိုလည်း အမြဲသန့်ရှင်းအောင် ထားသင့်ပေသည်။

(၅) မျက်စိတစ်ဝိုက်ကို နှိပ်နယ်ပေးခြင်း

ကွန်ပျူတာအသုံးပြု၍ မျက်စိညောင်းညာမှု ဖြစ်ပေါ်လာလျှင် မျက်စိတစ်ဝိုက်ကို နှိပ်နယ်ပေးသင့်ပေသည်။ မျက်စိတစ် ဝိုက်ကိုနှိပ်နယ်ပေးခြင်းသည် မျက်လုံးတစ်ဝိုက်ရှိ တင်းဆန့်နေသည့် ကြွက်သားများကို လျှော့ကျသွားစေပြီး သက်သောင့်သက်သာ ဖြစ်စေပါသည်။

(၆)ဗီတာမင်ပါရှိသည့် အစားအစာများ စားသုံးခြင်း

နေ့စဉ် ကွန်ပျူတာကို အသုံးပြု၍ အလုပ်လုပ်နေရသည့်သူများသည် ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်ပေါကြွယ်ဝသည့် အစားအစာများကို စားသုံးပေးသင့်ပေသည်။ ပန်းသီးကဲ့သို့သော ဗီတာမင်အေဓာတ် ပေါကြွယ်ဝသည့် သစ်သီးဝလံများကို စားသုံးပေးခြင်းသည်လည်း မျက်စိကျန်းမာရေးကို များစွာအထောက်အကူပြုလေသည်။ ■

ဆိုင်းတူး

# အနာကြီးရောဂါဟု သံသယရှိသူများကို မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင်ကုသ



မတ် ၁၅

ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ဒမ်ရွာနှင့် အွမ်ဒိန်ဆာရှိ အနာကြီးရောဂါရှိသည်ဟု သံသယရှိသော ဒေသခံ ၁၅ဦးကို Leprosy မော်လမြိုင်မြို့ ဆေးရုံကြီးသို့ သွားရောက်စစ်ဆေး ကုသမှုခံယူရန် Myanmar Rescue လူမှုကယ်ဆယ်ရေးအဖွဲ့မှ ပို့ဆောင်ပေးကြောင်း သိရသည်။

အဆိုပါ စစ်ဆေးကုသပေးမှုကို ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် မြစ်ကြီးနားဇုံနယ်မှ ဦးဆောင်ကာ ရပ်ကွက်အသီးသီးရှိအသင်းတော်အလိုက် အလှူငွေများကောက်ခံ၍ ကူညီပေးခြင်းဖြစ်ပြီး Myanmar Rescue လူမှုကယ်ဆယ်ရေးအဖွဲ့မှ မော်လမြိုင် Leprosy ဆေးရုံကြီးသို့ အရောက်ပို့ဆောင်ပေးခြင်း ဖြစ်သည်။

လက်ရှိ မိသားစုဝင်များသည် အနာကြီးရောဂါရှိသော လက္ခဏာမပြသေးသော်လည်း ယခင်က မိသားစုဝင်များတွင် ရောဂါရှိဖူးသူများ ပါဝင်နေသောကြောင့် သေချာမှုရှိစေရန် သွားရောက်စစ်ဆေးကုသခံမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ဖခင်လက်ထက်မှစတင်၍ရောဂါလက္ခဏာ စတင်ခံစားလာရခြင်းဖြစ်ကြောင်း အသက် ၇၆ နှစ်အရွယ် လူကြီးတစ်ဦးက ပြောသည်။

"အရင်က မြင်လည်း မမြင်ဖူးဘူး။ ကြားလည်း မကြားဖူးဘူး။ ကျွန်တော့ အဖေလက်ထက်က စဖြစ်ခဲ့တာ။ နောက် ကျန်တဲ့ တစ်ချို့ မိသားစုဝင်တွေမှာ ဖြစ်လာတယ်။ အခု ဒီကအကုန်လုံးက ဖြစ်တာမဟုတ်ပေမယ့် သေချာမှုရှိအောင် ဆေးစစ်ကုသမှုခံဖို့ သွားတာပါ"ဟု ၎င်းက ဆိုသည်။

ကချင်နှစ်ခြင်းအဖွဲ့ချုပ်မှ အဖွဲ့သားများက မော်လမြိုင်ဆေးရုံသို့ ရောက်ရှိစဉ် အနာကြီးရောဂါနှင့် ကုသမှုခံယူနေသော ဆွမ်ပရာဘွမ်မြို့နယ်မှ လူနာတစ်ဦးနှင့် တွေ့ဆုံမိကာ အခြားသော သံသယရှိလူနာ ၁၅ ဦးနှင့် ပြန်လည်ဆက်သွယ်မိခဲ့ခြင်း ဖြစ်ကြောင်း၊ ရောဂါရှိသူနှင့် သွေးအမျိုးအစားတူသော မိသားစုဝင်များကို ကူးစက်မှုမဖြစ်စေရန် ကြိုတင်ကာကွယ်သည့်အနေနှင့် ကုသပေးခြင်းဖြစ်ကြောင်း ကချင်နှစ်ခြင်းအဖွဲ့ချုပ်မြစ်ကြီးနားခရိုင်မှ အထွေထွေအတွင်းရေးမှူး ဦးလထော်ခွန်နောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ မထင်မှတ်ဘဲနဲ့ Leprosy ဆေးရုံကြီးရောက်သွားတဲ့ အခါကျတော့ သူတို့ရဲ့ သားကြီးနဲ့ တွေ့တယ်။ ပြန်ပြီး စုံစမ်းကြည့်လိုက်တော့ ဖြစ်တဲ့သူရှိနေတယ်။ အဲ့မှာရှိတဲ့ လူကြီးကို ဆက်သွယ်ပြီးတော့ သူတို့အားလုံးကို ဆေးကုသမှုခံယူဖို့ အကြံပေးခိုင်းတယ်၊ ကျွန်တော်တို့ အားလုံးတာဝန်ယူမယ်ပြောပြီး ဆက်သွယ်ခဲ့တယ်။ ဘာပဲ ပြောပြော ဒီဟာက ကူးစက်တတ်တဲ့ဟာဆိုတော့ သူတို့ကို လူတွေက နည်းနည်း ကြောက်ကြတာပေါ့။ ကျွန်တော်တို့အနေနဲ့ ဒီဟာကို ပျောက်ကင်းစေလိုတယ်။ အခုက ဆေးလည်း ရှိပြီဆိုတော့ ပျောက်ကင်းအောင် ကုသပေးမယ်" ဟု ဦးလထော်ခွန်နောင်က ပြောသည်။

ရွာအတွင်းတွင် နေထိုင်စဉ်က သံသယရှိလူနာများကို ရွာပြင်ဘက်တွင် သီးခြား နေထိုင်ခိုင်းခဲ့သော်လည်း ကျောင်းနေအရွယ် ကလေးများမှာ အခြားကလေးများနှင့် အတူ ကျောင်းတက်နေရသောကြောင့် သံသယကင်းကင်း နေထိုင်နိုင်ရန်၊ အခြားသူများကိုလည်း ကူးစက်မှုမဖြစ်ပွားအောင် ကုသပေးခြင်းဖြစ်ပြီး ၎င်းတို့ စစ်ဆေးကုသပြီး၍ ပြန်လာချိန်တွင်လည်း စားဝတ်နေရေး အဆင်ပြေမှုရှိစေရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

သွားရောက်စစ်ဆေးရာတွင် ရောဂါရှိသော လူနာတွေ့ရှိပါက ရေရှည်ဆေးကုသမှုခံယူရာ၌ အဆင်ပြေမှုရှိစေရန် မြို့အတွင်း နေရာစီစဉ်မှုများ ပြုလုပ်ပေးလိုကြောင်းနှင့် ၎င်းတို့နေရပ်ရှိ ဒေသခံများကိုလည်း ဆရာဝန်များမှ သွားရောက်ကာ စစ်ဆေးမှုများ ပြုလုပ်ပေးစေလိုကြောင်း ဦးလထော်ခွန်နောင်က ဆက်လက်ပြောသည်။

"ဆေးပြန်ပြီးတော့ ထုတ်စားရမယ့်သူတွေ ပါတယ်ဆိုရင်တော့ သူတို့ နေရပ်ပြန်ပြီးတော့ ပြန်သွားရမယ်ဆိုရင်လည်း ခက်ခဲသွားနိုင်တယ်။ ဆိုတော့လူမှုဝန်ထမ်းကနေဖြစ်ဖြစ် နေမယ့်နေရာပေးရင် ကောင်းမယ်။ စီမံချက်တစ်ခုနဲ့ ဒီက ဆရာဝန်တွေ လေး၊ ငါးယောက်က ဆေးနဲ့တကွ သွားပြီးတော့ တစ်ရွာလုံးကို သေသေချာချာ ဆေးစစ်တာတို့လုပ်ရင်တော့ ကောင်းမယ်လို့ မြင်မိပါတယ်။ အကုန်လုံး ဆင်းလာဖို့က ကျတော့ မလွယ်ဘူးလေ"ဟု၎င်းကဆိုသည်။

ယခုကဲ့သို့ လူမှုအဖွဲ့အစည်းများမှ လာရောက်ကူညီပေးသောကြောင့် အတိုင်းမသိ ဝမ်းသာ၍ ကျေးဇူးတင်မိကြောင်း အသက် ၄၅ နှစ်အရွယ် မိသားစုဝင်တစ်ဦးဖြစ်သူက ပြောသည်။

"အခုလိုမျိုး ကိုယ့်ကို အများကနေပြီး လာကူညီတာမျိုးတွေတွေ့တော့ အရမ်းဝမ်းသာရတယ်။ ဘယ်အရာမှာမဆို ကူညီနေတဲ့ သူတွေအားလုံးကိုလည်း ဘုရားရှင်ကောင်းချီးပေးပါစေ။ ဆုတောင်းပေးနေပါတယ်" ဟု ၎င်းက ပြောသည်။

ကချင် နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် မြစ်ကြီးနားဇုံနယ်မှ ယခုကဲ့သို့ ကူညီကုသပေးမှုသည် ပထမဆုံးအကြိမ်ဖြစ်ပြီး သံသယရှိလူနာများကို မော်လမြိုင် Leprosy ဆေးရုံကြီးသို့ သွားရောက် စစ်ဆေးကုသပေးမှုသည် (Myanmar Rescue) လူမှုကယ်ဆယ်ရေးအဖွဲ့နှင့်အတူ မတ် ၁၅ရက်က စတင်ထွက်ခွာခဲ့သိရသည်။ ■

Ann/Benadeth

Myitsone Watch

မြစ်ဆုံစောင့်ကြည့်

# မြစ်ဆုံကြောင့် ပြောင်းရွှေ့ခံရသော မလိယန်ကျေးရွာ သောက်သုံးရေ အခက်အခဲဖြစ်နေ



ဓာတ်ပုံ - Ann

မြစ်ကြီးနား၊ မတ်လ ၁၁

ဝိုင်းမော်မြို့နယ်၊ နောင်းချိန်းကျေးရွာအုပ်စုရှိ မြစ်ဆုံဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့ခံရသော မလိယန်ကျေးရွာအထက်ပိုင်းတွင် သောက်သုံးရေရရှိရန် အခက်အခဲများရှိနေကြောင်း သိရသည်။

ဒေသခံများက တောင်ကျချောင်းရေကို အဓိကမှီခိုသောက်သုံးနေရပြီး နွေရာသီရေခမ်းခြောက်ချိန်တွင် တောင်ကျချောင်းရေစီးဝင်သော ရေလှောင်ကန်တွင် ရေပိုက်ခေါင်း ၅ ခုသာ ရေရရှိနိုင်သောကြောင့် မလိယန်ကျေးရွာအထက်ပိုင်းအိမ်ခြေများတွင် နှစ်စဉ်အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း မလိယန်အုပ်ချုပ်ရေးမှူး ဦးနော်အောင်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ရွာမှာက ရေတွင်းမရှိဘူး။ တစ်ရွာလုံး ရေပိုက်ကနေပဲ သွယ်သုံးနေရတယ်။ နွေရာသီ ရေခမ်းခြောက်ရင်တော့ တစ်ရွာလုံး ရေမရနိုင်ဘူး"ဟု ဦးနော်အောင်က ဆိုသည်။

မလိယန်ကျေးရွာတွင် သောက်သုံးရေများကို နာဆိုင်းခတောင်ကျချောင်းရေမှ ရေပိုက်ဖြင့်သွယ်ကာ အသုံးပြုနေရကြောင်း၊ နွေရာသီရောက်ချိန်တွင် ရေရှားပါးမှုကြောင့် ကျေးရွာအထက်ပိုင်းရှိ အိမ်ခြေ ၃၀ခန့်မှာ ရေရရှိရန် မသေချာကြောင်း ဦးနော်အောင်က ဆက်လက်ပြောသည်။

"နောက်လကနေပြီးတော့ ဟိုဘက်ကုန်းဘက်မှာ ရေမရတော့ဘူး။ ကျွန်တော့်အိမ်မှာတော့ ရေမရရင်လည်း အိမ်နီးချင်းအိမ်မှာ သွားခပ်လို့ရတယ်"ဟု ၎င်းက ပြောသည်။

ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တရုတ်ကုမ္ပဏီမှ အမြဲတမ်းကူညီပံ့ပိုးမှုရှိခဲ့သော်လည်းလိုအပ်ချက်တိုင်းကို အကူအညီတောင်းရန် မသင့်ကြောင်း ဦးနော်အောင်က ပြောသည်။

"ရေတွင်းကိစ္စနဲ့တော့ သူတို့ကို တောင်းဖို့ အစီစဉ်မရှိဘူး။ အားလုံး ပထွေးအားကိုးလို့ မရဘူး"ဟု ၎င်းက ပြောသည်။

မလိယန်ကျေးရွာသည် မြစ်ဆုံစီမံကိန်းကြောင့် လဖဲ၊ ကထောင်၊ ဒေါင်ပန်၊ အောင်ဂျာယန်၊ရှိ ဒေသခံများ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီဖြစ်သည့် SPIC က ထောက်ပံ့ ကူညီမှုများ ပြုလုပ်ပေးနေပြီး သက်ဆိုင်ရာအစိုးရဌာနများမှ ကူညီထောက်ပံ့မှုများကို မရရှိသေးကြောင်း၊ ရေရရှိရေးနှင့် ပတ်သက်သော လျှုဒါန်းမှုများကိုလည်း လာရောက်လှူဒါန်းနိုင်ကြောင်း အုပ်ချုပ်ရေးမှူးက ပြောသည်။

Ann/ Myu Myat Myat Pan








မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မတ် ၁၈ ၊ ၂၀၁၉ )



မြစ်ဆုံစီမံကိန်းကြောင့် မလိယာန်စံပြကျေးရွာသို့ ပြောင်းရွှေ့ခံရသော ရွာသားများအတွက် တရုတ်ကုမ္ပဏီက ယက်ကန်းယက်သင်တန်း ဖွင့်လှစ်ထားပေးပုံ

တရုတ်သံအမတ်နဲ့ တွေ့ဆုံစဉ်က မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီး မြစ်ဆုံရေကာတာကို ဆောက်ခွင့်မပေးဘူးဆိုရင် တရုတ်ကရင်းနှီးမြှုပ်နှံမှုတွေ ဆက်လက်မလုပ်နိုင်ဘူးဆိုတဲ့အကြောင်း၊ ဒုတိယအချက်ကတော့ မြစ်ဆုံရေကာတာနဲ့ ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူတွေက အလွန်တရာ စိတ်ဆိုးနေတယ်ဆိုတဲ့အကြောင်း၊ တတိယအချက်ကတော့ သူတို့တရုတ်အစိုးရအနေနဲ့ တင်းခံနေရတဲ့အခြေအနေ ဖြစ်နေတယ် ဆိုတဲ့အကြောင်းတွေကိုသာ တရုတ်သံအမတ်ဘက်က ပြောဆိုခဲ့ပြီး သံရုံးရဲ့ ထုတ်ပြန်ချက်မှာ ပါရှိတဲ့ ကချင်ပြည်နယ်နိုင်ငံရေးပါတီတွေက မြစ်ဆုံစီမံကိန်းကို ကန့်ကွက်မှုမရှိဘူးဆိုတဲ့ အချက်ဟာ မမှန်ကန်ကြောင်းနဲ့ စီမံကိန်းကြီးကို ကန့်ကွက်ဆဲ ဖြစ်တယ်လို့ ကချင်ပါတီတွေက ဆိုပါတယ်။

“မြစ်ဆုံ ရေကာတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ ပေါ်လစီကတော့ ပြတ်သားပါတယ်။ ကချင်သုံးပါတီအနေနဲ့ တွေ့တဲ့အချိန် စီမံကိန်းဆက်လုပ်ဖို့ တစ်ခွန်းမှမပြောခဲ့ဘူး။ ကျွန်တော်တို့လည်း ဒါကို မလိုလားပါဘူး။ လူထုထောက်ခံတယ်ဆိုတာက တရုတ်တွေရဲ့လိုရာဆွဲပြီးပြောတာပဲဖြစ်ပါလိမ့်မယ်”လို့ ပေါင်းစည်းထားတဲ့ကချင်သုံးပါတီထဲက တစ်ခုဖြစ်တဲ့ ကချင်ဒီမိုကရက်တစ်ပါတီရဲ့ ဥက္ကဋ္ဌ ဦးကွမ်ဂေါင်အောင်ခမ်းက ပြောပါတယ်။

ယခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က မြစ်ကြီးနားကို ရောက်ရှိလာတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြစ်ကြီးနားမြို့က ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်တွေ၊ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်တွေ တွေ့ဆုံခဲ့ရာမှာလည်း မြစ်ဆုံစီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရေး/မဖော်ရေးနဲ့ပတ်သက်ပြီး တိကျစွာ အဖြေမပေးနိုင်ခဲ့ပါဘူး။

စည်းရုံးမှုတွေပြုလုပ်လာ စီမံကိန်း စတင်ချိန်ကစပြီး ပြောင်းရွှေ့ခဲ့ကြရတဲ့ မြစ်ဆုံအနီးရွာတွေက ဒေသခံတွေအတွက် တရုတ်ကုမ္ပဏီက လစဉ် ဆန်ထောက်ပံ့တာတွေ၊ နေအိမ်အဆောက်အဦဆောက်လုပ်ပေးတာတွေစတဲ့ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး ထောက်ပံ့ကူညီမှုတွေ ပုံမှန်ပြုလုပ်ပေးနေရာကနေ ပြီးခဲ့တဲ့နှစ်ပိုင်းမှာတော့ အောင်မြင်သာရွာနဲ့ မလိယန်ရွာတွေမှာ ဒီဇင်ဘာ ခရစ်စမတ်ပွဲ၊ နှစ်သစ်ကူးပွဲ စတဲ့ ပျော်ပွဲရွှင်ပွဲတွေကို ကျင်းပပေးပြီး အလှူငွေတွေ ထည့်ဝင်တာတွေ၊ ဘုန်းကြီးကျောင်းတွေမှာ ငွေကြေးလှူဒါန်းမှုတွေနဲ့ မဲဆွယ်စည်းရုံးမှုတွေ ပိုမိုပြုလုပ်လာခဲ့တယ်။

ပြီးခဲ့တဲ့ ထုတ်ပြန်ချက်အပြီးမှာတော့ ရွာအတွင်း ရက်ကန်း သင်တန်းတွေ၊ သဘော်ပင် စိုက်ပျိုးနည်းသင်တန်းတွေစတဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းတွေဖွင့်လှစ်ပို့ချခဲ့သလို ထူးချွန်ကျောင်းသားတွေကို ဆုချီးမြှင့်တာတွေ၊ အားကစားပွဲတော်တွေနဲ့ အခြားသော အဆောက်အဦ၊ လမ်းတံတား ပြုပြင်ဆောင်ရွက်မှုတွေကို ပိုမိုပြုလုပ်ပြီး မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်လာပါတယ်။

ရွာအတွင်း ပွဲလမ်းသဘင်တွေ ကျင်းပပေးပြီး ဒေသခံတွေ ပျော်ရွှင်နေတဲ့ ပုံတွေနဲ့မြစ်ဆုံစီမံကိန်းပြုလုပ်မယ့်အပေါ် ဒေသခံတွေကန့်ကွက်မှု မရှိကြောင်း သတင်းလွှင့်တာတွေ ရှိတယ်လို့ မလိယန်ကျေးရွာက ဒေသခံတစ်ဦးဖြစ်တဲ့ ဦးမုန်ရာက ပြောပါတယ်။

“အလှူငွေ ၂၅ သိန်းစီ၊ ဘုန်းကြီးကျောင်းမှာ သိန်း ၅၀ လာပေးတယ်။ ပွဲတွေမှာ ရွာသားတွေ ပျော်နေတဲ့ပုံတွေကိုလွှင့်ပြီး မြစ်ဆုံစီမံကိန်းကို မကန့်ကွက်ဘူးဆိုပြီး သတင်းလွှင့်တာမျိုးတွေ ရှိတယ်”လို့ ဦးမုန်ရာက ဆိုပါတယ်။

တရုတ်ကုမ္ပဏီ အနေနဲ့ ရွာအတွင်း ဆန်ပေးလှူဒါန်းတာတွေ၊ ရွာသားတွေရဲ့ အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပို့ချပေးမှုတွေ၊ ငွေကြေးလှူဒါန်းမှုတွေ လုပ်တာဟာ ၎င်းလုပ်ရှားမှုတွေကို မှတ်တမ်းတင်ပြီး ပြင်ပကို သတင်းလွှင့်နိုင်အောင် အပေါ်ယံမျှသာလုပ်ဆောင်ခြင်းဖြစ်တယ်လို့သိရပါတယ်။

“တရုတ်တွေက ရွာတွေမှာ ဗန်းပြအလုပ်တွေတော့ အရမ်းလုပ်တယ်။ သူတို့လည်း ဓာတ်ပုံရိုက်နိုင်အောင်။ အပြင်ကို ပြန်သတင်း လွှင့်နိုင်အောင်လောက်ပဲ ကျွေးနေတာပေါ့။ အဲ့ဒါတွေက ရွာသားတွေအတွက် ဖူလုံမှုဘယ်လိုမှ မရနိုင်ဘူးပေါ့”လို့ မလိယန်ဒေသခံ ဦးမုန်ရာက ဆက်လက်ပြောပါတယ်။

## ပြောင်းရွှေ့ဒေသခံများ အခြေအနေ

မြစ်ဆုံ ဒေသခံတွေ ပြောင်းရွှေ့နေထိုင်တဲ့ မလိယန်ကျေးရွာဟာ ခမ်းဘူ၊ အင်ဂန်း အစရှိတဲ့ အနီးအနားက ရွာသားတွေရဲ့ ဝါးခြံတွေ၊ သီးနှံခင်းတွေဖြစ်ပြီး ယင်းမြေနေရာတွေကို ခုတ်ထွင်ရှင်းလင်းပြီးတော့ နေရာချပေးခြင်း ဖြစ်တယ်လို့ သိရပါတယ်။ အခုလို ပိုင်ရှင်ရှိတဲ့အခင်းမြေနေရာတွေကို ခုတ်ထွင်လိုက်ပြီးပြောင်းရွှေ့ဒေသခံတွေအတွက် နေရာချပေးခြင်းက အခင်းပိုင်ရှင်ဖြစ်သူတွေအတွက် အလွန်နစ်နာဆုံးရှုံးမှုတွေ ရှိခဲ့တယ်လို့ ရွာသားတွေက ပြောပါတယ်။

မူလရွာတွေဖြစ်တဲ့ မြစ်ဆုံဒေသမှာ နေထိုင်တုန်းက ကိုယ်ပိုင်မြေ၊ ယာ၊ အခင်းတွေနဲ့ စားဝတ်နေရေးအတွက် မပူမပင် နေထိုင်ခဲ့ရပေမယ့် လက်ရှိပြောင်းရွှေ့နေထိုင်ရတဲ့ ဒေသမှာတော့ ရွာအတွင်းမှာ စိုက်ပျိုးရေးလုပ်ကိုင်ဖို့ အဆင်မပြေတာတွေကြောင့် တောင်ယာခုတ်ပြီး ဝမ်းကျောင်းရပေမယ့် ကာလကြာလာတာနဲ့အမျှ တောင်ယာခုတ်ဖို့ နေရာမရှိတော့တာကြောင့် စားဝတ်နေရေးအတွက် အမြဲတစေ ပူပန်နေရတယ်လို့ မလိယန်သေခံဖြစ်တဲ့ ဦးမုန်ရာက ဆိုပါတယ်။

“အခု ဒီကိုပြောင်းခဲ့ရတော့ ပြောင်းခဲ့ရတာကြာပြီ အခုထိ အခြေတကျမရှိသေးဘူးလားလို့ မေးတာမျိုးတော့ ရှိမယ်။ ဒါပေမဲ့ အခုဒီမှာက ကျွန်တော်တို့ တောင်ယာခုတ်စားဖို့ နေရာလည်း မရှိလာတော့ဘူး။ ဘာမှလုပ်စားဖို့ နေရာမရှိတော့ လာမယ့် အချိန်အတောအတွင်းမှာတော့ ကျွန်တော်တို့အတွက် စိုးရိမ်စရာဖြစ်တာပေါ့”လို့ ဦးမုန်ရာက ဆိုပါတယ်။

တရုတ် ကုမ္ပဏီတွေက အသက်မွေးဝမ်းကျောင်းနဲ့ဆိုင်တဲ့ သင်တန်းတွေ၊ အလုပ်တွေ ပေးတယ်ဆိုပေမယ့် ဒေသခံတွေရဲ့ လုပ်ကိုင်နေကျ အလုပ်အကိုင်နဲ့ ကိုက်ညီမှုတွေ မရှိတာမျိုးတွေလည်း ဖြစ်နေပါတယ်။ ဝမ်းရေးအတွက် ဖူလုံမှုမရှိတာနဲ့အမျှ အလုပ်အကိုင်ရှားပါးတာကြောင့် ဒေသခံတွေဟာ ရွှေတူးတာတွေ၊ တခြားဒေသတွေမှာ အခင်းသွားလုပ်တာတွေ၊ နေ့စားလုပ်တာတွေနဲ့ရွာအတွင်းက အမျိုးသမီး အများစုကတော့ တရုတ်ပြည်ဘက် အနှိပ်သည် သွားရောက်လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေကြရပါတယ်။ အခြားဒေသတွေကို ရွှေ့ပြောင်းလုပ်ကိုင်တဲ့သူတွေ များပြားလာတာကြောင့် ရွာမှာ လူငယ်လူရွယ်တွေ မရှိသလောက်နည်းပါးသွားပြီ ဖြစ်တယ်လို့ ဒေသခံတွေဆီက သိရပါတယ်။

## ဒေသခံတွေရဲ့ နစ်နာဆုံးရှုံးမှု

ရွာသစ်ကို ပြောင်းရွှေ့လာရချိန်က ဒေသခံတွေရဲ့ နဂိုမူလပိုင်ဆိုင်မှုတွေဖြစ်တဲ့ မြေယာတွေ၊ ကျွဲ၊ နွားတွေတွေလည်း ဆုံးရှုံးခဲ့ကြရပါတယ်။ ရွာက အိမ်ခြေအားလုံးနီးပါး ကျွဲနွားတွေကို တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး လယ်ယာစိုက်ပျိုးရေး အတွက် ခိုင်းစေနိုင်ရုံသာမက၊ ကျွဲနွား ပြန်လည်ရောင်းချခြင်းကနေ ရရှိတဲ့ဝင်ငွေတွေက ဝမ်းရေးအတွက်သာမက ဘဲ ကလေးတွေကို မြို့ပေါ်ကျောင်းထားနိုင်ဖို့ထိ ဖူလုံခဲ့တာပါ။

မူလ မြစ်ဆုံရွာတွေမှာ တိရစ္ဆာန်တွေအတွက် ဆားတွင်းနဲ့ မြစ်ကမ်းဘေး စိမ်းလန်းစိုပြေတဲ့ စားကျက်ကောင်းတွေရှိပြီး ပြောင်းရွှေ့လာရတဲ့ မလိယန်ကျေးရွာမှာတော့ စားကျက်မြေမရှိတာတွေကြောင့် ကျွဲ၊နွားတွေကို ရွာသစ်တွေဆီ ခေါ်ဆောင်လာပေမယ့် နဂိုမူလနေရာကိုသာ ပြန်သွားကြတယ်လို့ ပြောပါတယ်။

မြစ်ဆုံ ရွာဟောင်းတွေမှာ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်လိုက်တော့ ရွာဟောင်းကိုပြန်သွားတဲ့ ကျွဲ၊နွားတွေကို ရှာဖွေဖို့ အခွင့်အရေး မရခဲ့ကြပါဘူး။ ရှာခွင့်မပေးတာတွေကြောင့် ကျွဲနွားတွေ ပြန်လည်မရရှိတာတွေ၊ အချိန်ကာလကြာမြင့်သွားလို့ တိရစ္ဆာန်တွေ ပြန်လည်ဖမ်းယူရရှိဖို့ မလွယ်ကူတော့တာတွေနဲ့ ကန့်သတ်နယ်မြေအတွင်းက အစောင့်တွေက ပြန်လည်ရှာဖွေခွင့် မပေးတာတွေ၊ ပစ်သတ်စားတာတွေ ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

ပျောက်ဆုံးစဉ်က နွားအကောင်ရေ ဆယ်ကြီးပိုင်းရှိပေမယ့် ယခုချိန်ထိ မသေမပျောက်ဘဲ ရှိနေသေးရင်တော့ တစ်ရွာလုံးမှာ အကောင် ၂၀၀ လောက်ရှိမှာဖြစ်ကြောင်း နွားအကောင်ရေ ၂၀ လောက် ပိုင်ဆိုင်ခဲ့ဖူးတဲ့မလိယန်ဒေသခံဒေါ်ခေါ်နန်က ပြောပါတယ်။

“အရင်တုန်းကတော့ ကျွန်မ ကျွဲတွေက အကောင် ၂၀၀နဲ့ကျော်ရှိတယ်။ တစ်ရွာလုံးနီးပါး အများကြီးမမွေးရင်တောင် တစ်နိုင်တစ်ပိုင်တော့ မွေးကြတယ်။ အကုန်ပျောက်သွားတော့ ပြန်တွေ့ရင်တော့ ဒါ ဘယ်သူ့ဟာဆိုတာ မှတ်မိနိုင်တော့မှာ မဟုတ်ဘူး”လို့ ဒေါ်ခေါ်နန်က ဆိုပါတယ်။

နေရာသစ်ကို ပြောင်းရွှေ့ခိုင်းခဲ့စဉ်က မြစ်ဆုံရွာက ဒေသခံတွေရဲ့ လယ်ပိုင်ယာပိုင်တွေအတွက် ပြန်လည် အစားထိုးလုပ်ဆောင်ပေးမယ်လို့ အစိုးရက ကတိကဝတ်ပြုခဲ့တဲ့အတိုင်း မလိယန်ကျေးရွာ အပြင်ဘက်မှာ မြေနေရာ ပြန်လည်ခွဲဝေပေးခဲ့ပါတယ်။ ဒါပေမယ့် ပြန်လည်ခွဲဝေပေးခဲ့တဲ့ မြေနေရာတွေဟာ လယ်ယာမြေတွေ မဟုတ်ဘဲ ကုန်းမြေတွေသာ ဖြစ်တာကြောင့် ထွန်ယက်စိုက်ပျိုးဖို့ မဖြစ်နိုင်သလို ရေရရှိဖို့အတွက်လည်း ခက်ခဲကြောင်း သိရပါတယ်။

မြစ်ဆုံရွာတွေမှာ နေခဲ့စဉ်က ဒေသခံတွေရဲ့ လယ်ယာမြေတွေဟာ အိမ်နဲ့ကပ်လျက်တည်ရှိပြီး မလိယန်မှာ အစိုးရကနေ တရားဝင်ခွဲဝေပေးတဲ့မြေနေရာဟာ မလိယန်ကျေးရွာနဲ့ အလွန်ဝေးကွာတဲ့နေရာမှာ တည်ရှိနေပြီး ၃၊ ၄ နာရီလောက် ခြေလျှင်လျှောက်ရတဲ့ နေရာတွေ ဖြစ်တာကြောင့် ဒေသခံတွေ ထွန်ယက်စိုက်ပျိုးမှုကို မပြုလုပ်ကြပါဘူး။ ဒါ့အပြင် အဲ့ဒီမြေနေရာတွေဟာ မလိယန်အနီးရွာက အင်ဂန်း ဒေသခံတွေရဲ့ သီးနှံစိုက်ခင်း၊ ဝါးစိုက်ခင်းတွေကို ထွန်ယက်ပေးလိုက်ပြီး နစ်နာကြေးတွေ ပြန်လည်ပေးတာမျိုးမရှိခဲ့တာကြောင့် အခင်းပိုင်ရှင် ဒေသခံတွေအတွက် နစ်နာမှုများစွာ ဖြစ်ခဲ့ရတာပါ။

ယခုအချိန်မှာတော့ မထွန်ယက်ဘဲ ထားထားတဲ့ လယ်ယာမြေတွေကို အင်ဂန်းက မူလပိုင်ရှင်တွေက အခြားသူတွေထံ ပြန်လည်ရောင်းချမှုတွေ၊ တရုတ်တစ်သျှူးငှက်ပျောခြံပိုင်ရှင်တွေကၡင်းတို့ကို အစိုးရဌာနလုပ်ကွက်ချထားပေးတယ်ဆိုပြီး

> “ကျွန်တော်တို့ အခက်အခဲကာလ
> စားဖို့သောက်ဖို့ ခက်ခဲကြတယ်။ ကျွန်တော်တ
> ဒုက္ခသည်တွေအနေနဲ့ ကမ္ဘာက မြင်နိုင်တဲ့ 
> မရှိဘူးဆိုရင်တော့ ကျွန်တော်တို့
> မချစ်သော်လည်းအောင့်ကာနမ်း ဆို
> တရုတ်တွေပေါ်မှာပဲ မှီခိုနေရသလို ဖြစ်

မြေနေရာယူတာတွေ ရှိတာကြောင့် မလိယန်ရွှေ့ပြောင်းဒေသခံတွေအတွက် ၎င်းတို့ပြောင်းရွှေ့လာစဉ်က အစိုးရက လယ်ယာမြေပြန်လည်ခွဲဝေပေးမယ်ဆိုတဲ့ သဘောတူညီမှုဟာ မဖြစ်မြောက်တဲ့အခြေအနေမှာ ရှိနေပါတယ်။

ယင်းကိစ္စနဲ့ ပတ်သက်ပြီး မလိယန် ဒေသခံတွေက သက်ဆိုင်ရာ အစိုးရဌာနတွေမှာ စာတင်တာမျိုးတွေ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပေမယ့်လည်း အကျိုးသက်ရောက်မှု မရှိသေးကြောင်း၊ သက်ဆိုင်ရာဌာနတွေက ရွာသားတွေကို မြေနေရာပြန်ရှာခိုင်းပေမယ့် ဘေးပတ်ပတ်လည် ရွာတွေရှိတာကြောင့် မြေနေရာလွတ်တွေ မရှိလို့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

ဒေသခံတွေကြား သဘောထားကွဲလွဲမှုတွေ ရှိလာ

မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်လို့ ဒေသခံတွေအနေ

...ဲဆိုရင်
...ို့ ဒေသခံတွေကို
အခြေအနေသာ
...ို့က
...သလိုပဲ
...နေတယ်''

နဲ့ ကန့်ကွက်မှုတွေ ရှိနေပေမယ့် စားဝတ်နေရေး အဆင်မပြေတာတွေကြောင့် တရုတ်ကုမ္ပဏီတွေရဲ့ အကူအညီကို ယူနေရတဲ့ အခြေအနေမှာရှိနေပါတယ်။ ကာလကြာမြင့်လာတာနဲ့ အမျှ ရွာအတွင်းက ရွှေ့ပြောင်းဒေသခံတွေအကြား တရုတ်ကုမ္ပဏီရဲ့ အကူအညီယူရေး မယူရေးနဲ့ ပတ်သက်လို့ သဘောထား အမြင် ကွဲလွဲမှုတွေလည်း ရှိလာပါတယ်။

"ကျွန်မတို့အဘက်ဘက်မှာ ခက်ခဲနေတယ်ဆိုတာကို အခွင့်ကောင်းယူပြီး သူတို့က နာမည်ယူတာပေါ့။ အချင်းချင်းကြား သွေးကွဲအောင် ဆွဲဆောင်လာကြတယ်" လို့ အောင်မြင်သာ ဒေသခံ တစ်ဦးဖြစ်တဲ့ ဒေါ်ခေါန်ရာက ပြောပါတယ်။

ရွာသား အချို့တော့ ၎င်းတို့ ရွှေ့ပြောင်းလာရတာဟာ တရုတ်တို့နဲ့ သက်ဆိုင်တာကြောင့် အကူအညီပေးနေချိန်အတွင်း ကျေးရွာအတွက် ရရှိသမျှအထောက်အပံ့တွေ ရယူထားဖို့နဲ့ အစိုးရရဲ့ ကူညီထောက်ပံ့မှုဘာမှမရရှိတဲ့အတွက် တရုတ်တွေဆီက နေ လိုအပ်သမျှ အကူအညီတောင်းဖို့ ဆန္ဒရှိကြပြီး ကျန်ရွာသားတွေကတော့ မြစ်ဆုံအရေးကို ဆက်လက်ကန့်ကွက်သွားမှာ ဖြစ်တာကြောင့် တရုတ်ထံက အကူအညီအများအပြား ရယူတောင်းဆိုမှုတွေ မပြုလုပ်ဖို့ဆိုတဲ့ အမြင်နှစ်ခုကြား သဘောထား ကွဲလွဲမှုတွေ အနည်းအကျဉ်း ရှိလာခဲ့ပါတယ်။

"အခု တရုတ်တွေကတော့ ဒေသခံတွေ အချင်းချင်း သွေးကွဲအောင် ပိုပြီးတော့တောင် လုပ်လာကြပြီ။ ဘယ်အစိုးရမှ ကျွန်မတို့ကို ကူညီပေးနေတာ မရှိဘူး။ အခုက တရုတ်ရွာလိုဖြစ်နေပြီ။ ကျွန်မတို့ဘက်ကလည်း အရမ်း ကန့်ကွက်နေပေမယ့် သူတို့က ပေးကမ်းတာတွေ ရှိနေတော့ စိတ်ဝမ်းကွဲလာတာတွေရှိတာပေါ့"လို့ ရေကာတာစီမံကိန်း ဆန့်ကျင်ရေးလုပ်ငန်းတွေကို ဦးစီးဦးဆောင်ပြုနေသူတွေထဲက တစ်ဦးဖြစ်တဲ့ အောင်မြင်သာက ဒေါ်လုရာက ဆိုပါတယ်။

မြစ်ဆုံစီမံကိန်းကို ကန့်ကွက်တဲ့အထဲ အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားနေတဲ့ အောင်မြင်သာစံပြကျေးရွာက ဒေါ်လုရာနဲ့ ဒေါ်ဂျာခေါန်တို့ မိသားစုတွေကို တရုတ် SPIC ကုမ္ပဏီက လစဉ်ဆန်ထောက်ပံ့မှု ရပ်ဆိုင်းလိုက်တာ (၅)နှစ်ခန့် ရှိပြီဖြစ်ပြီး မလိယန်ကျေးရွာက ဦးမုန်ရာကိုတော့ ၂၀၁၈ ဒီဇင်ဘာလကနေ ဖြတ်တောက်ခဲ့တာပါ။

အလုပ်အကိုင်ရှားပါးမှု ဒဏ်ကို ခံနေရတဲ့ ဒေသခံအချို့တွေကတော့ မြစ်ဆုံကန့်ကွက်မှုနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေမှာတောင် ပါဝင်လာခြင်းမရှိတော့တဲ့အထိ ဖြစ်လာပြီး ဆန္ဒထုတ်ဖော်မှုတွေမှာ ပါဝင်ရင် တရုတ်တွေဆီက လစဉ်ဆန်ထောက်ပံ့မှု ရပ်ဆိုင်းသွားမှာကို စိုးရိမ်နေကြရတဲ့အခြေအနေ ဖြစ်နေပါတယ်။

မလိယန်စံပြ ကျေးရွာနဲ့ အောင်မြင်သာစံပြ ကျေးရွာနှစ်ရွာက အချို့သော ဒေသခံတွေက ပြောင်းရွှေ့ခံခဲ့ရတဲ့ ရွာသစ်မှာ အခြေတကျဖြစ်နေပြီး မူလဒေသကို ပြန်သွားဖို့ မလိုလားတော့တာတွေရှိတယ်လို့လည်း သိရပါတယ်။ မူလရွာမှာ ဝမ်းရေးအတွက် ပူပန်မှုမရှိဘဲ ဖူလုံပေမယ့် လူနေမှုပုံစံ၊ ကျန်းမာရေး၊ ပညာရေးအဘက်ဘက်က နိမ့်ကျမှုတွေရှိနေပြီး ရွှေ့ပြောင်းရွာသစ်မှာတော့ ဝမ်းရေးအတွက် ခက်ခဲပေမယ့် လူနေမှုအဆင့်အတန်းက ပိုမိုမြင့်တဲ့အပြင် ကလေးတွေအတွက် ပညာရေး၊ ကျန်းမာရေး ပိုမိုကောင်းမွန်တာတွေကြောင့် ဖြစ်တယ်လို သိရပါတယ်။

မူလ မြစ်ဆုံရွာဟောင်းကို ပြန်လည်ရွှေ့ပြောင်းဖို့ ဆန္ဒမရှိတော့တဲ့သူတွေ ရှိပေမယ့် ဘိုးဘွားစဉ်ဆက် တစ်လျှောက် နေထိုင်လာတဲ့ မူလဒေသကို လက်မလွှတ်နိုင်သူတွေလည်း ရှိနေပါသေးတယ်။

သမိုင်းတစ်လျှောက် ဆင်းသက်လာတဲ့ ဘိုးဘွားပိုင်အမွေအနှစ် ဖြစ်တာကြောင့် ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ဆန္ဒရှိရုံသာမက သားစဉ်မြေးဆက် တစ်လျှောက်ဧရာဝတီမြစ်ကြီးကို မြင်တွေ့သွားနိုင်ဖို့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနေတာဖြစ်တယ်လို့ အောင်မြင်သာ ဒေသခံတစ်ဦးဖြစ်တဲ့ ဒေါ်လုရာက ပြောပါတယ်။

"ကျွန်မတို့က နေရာအသစ်မှာ ဘယ်လောက်ပဲ အခြေကျနေပြီပြောပြော ကျွန်မတို့ဒေသကိုတော့ ပြန်လိုချင်တယ်။ ပြန်လာပြီး ထူထောင်ဖို့ မလွယ်တော့ဘူးပဲပြောပြော ကျွန်မတို့ နေရာကိုတော့ လက်လွှတ်လို့ မရဘူး"လို့ ဒေါ်လုရာက ဆိုပါတယ်။

နိုင်ငံတကာလူမှုအဖွဲ့အစည်းတွေက ဒေသခံတွေကို တရုတ်အကူအညီကြောင့် စားဝတ်နေရေး ဖူလုံအဆင်ပြေနေကြတယ်လို့ သိမှတ်ထားပေမယ့် လက်တွေ့မှာတော့ ရွှေ့ပြောင်းဒေသခံတွေရဲ့ဘဝက စီမံကိန်းပြန်လည် အကောင်အထည်ဖော်နိုင်ဖို့ မြေစာပင်လိုပါပဲ။

"တခြားနိုင်ငံတကာ အဖွဲ့အစည်းတွေကလည်း ကူညီဖို့ဆိုရင် တရုတ်တွေ ကျွေးထားလို့ ရွာသားတွေ ဝမ်းစာဖူလုံနေတယ်လို့ပဲ မြင်တယ်။ အဲ့ဒါကြောင့် အခုလိုပဲ တရုတ်တွေက အပေါ်ယံဆီလူးပြီး သတင်းလွှင့်နေတာပေါ့"လို့ မလိယန်သေခံ ဦးမုန်ရာက ဆိုပါတယ်။

တရုတ်ကုမ္ပဏီတွေရဲ့ အကြံအစည်ကို သိနေပေမယ့် စားဝတ်နေရေးခက်ခဲနေတဲ့ ဒေသခံတွေအတွက် မတတ်သာတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပြီး မြန်မာတစ်မျိုးသားလုံးကနေ ရွှေ့ပြောင်း ဒေသခံတွေအပေါ် စားဝတ်နေရေးအတွက် တကယ် လိုအပ်နေတဲ့ ဒုက္ခသည်တွေလို မမြင်နိုင်ဘူးဆိုရင် နောင်စီမံကိန်းကို ကန့်ကွက်မယ့်အရေးမှာ အဟန့်အတားတွေ ရှိလာနိုင်တယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

"ကျွန်တော်တို့ အခက်အခဲကဘာလဲဆိုရင် စားဖို့သောက်ဖို့ ခက်ခဲကြတယ်။ ကျွန်တော်တို့ဒေသခံတွေကို ဒုက္ခသည်တွေအနေနဲ့ ကမ္ဘာက မြင်နိုင်တဲ့ အခြေအနေသာ မရှိဘူးဆိုရင်တော့ ကျွန်တော်တို့က မချစ်သော်လည်းအောင့်ကာနမ်း ဆိုသလိုပဲ တရုတ်တွေပေါ်မှာပဲ မှီခိုနေရသလို ဖြစ်နေတယ်" လို့ ဒေသခံတွေက ဆိုပါတယ်။

## စီမံကိန်း ဆောင်ရွက်မှု အခြေအနေ

တရုတ်သံရုံးက ထုတ်ပြန်ချက်ထုတ်အပြီး ယခုနှစ်ပိုင်းမှာ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ကန့်သတ်နယ်မြေအတွင်းမှာ လုပ်ငန်းလုပ်ဆောင်ဖို့ပြင်ဆင်နေတဲ့ လှုပ်ရှားမှုကို မတွေ့နိုင်ပေမယ့် အောင်မြင်သာကျေးရွာ အနီး လုံဂါဇုပ်က တရုတ်ရေတိုင်းဆောင်လို့ ခေါ်တဲ့ နှစ်ထပ်ဆောင်မှာ တရုတ်အလုပ်သမားတွေ ယခင်ကထက် ပိုမိုများပြားလာတယ်လို့ ဒေသခံတွေပြောစကားအရ သိရပါတယ်။

တရုတ် SPIC ကုမ္ပဏီက မလိယန်နဲ့ အောင်မြင်သာ ကျေးရွာတစ်ဝိုက်မှာ လိုအပ်ချက်တွေကို လိုက်လံကြည့်ရှုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမှုတွေကိုလည်း ပိုမိုလုပ်ဆောင်လာကြပါတယ်။

ဒါ့အပြင် စီမံကိန်းကန့်သတ်နယ်မြေ အတွင်းက Nmai Hka Jum bum မေခမြစ်ဘက်က ဆားတောင်ပေါ်မှာ အရင်က စိမ်းစိုနေရာက မြက်တွေအမြဲရှင်းလင်းနေပြီး မြက်သေဆေးတွေအချိန်ပြည့် ဖြန်းထားဟန်တူတယ်လို့ ဒေသခံတွေက ပြောပါတယ်။ မြစ်ဆုံစီမံကန်းနဲ့ ပတ်သက်ပြီး ဘယ်လို ဆောင်ရွက်နေတယ်ဆိုတာကို မသိမမြင်ရပေမယ့်လည်း စီမံကိန်းဘေးပတ်ဝန်းကျင် တစ်ဝိုက်မှာတော့ အဲဒီတောင်နဲ့ ပတ်သက်ပြီး သတိထားမိတာမျိုးတော့ရှိတယ်လို့ ပြောပါတယ်။

ယခုလ ၁ ရက်နေ့ကလည်း တရုတ်အစိုးရခေါင်းဆောင်တွေရဲ့ ဖိတ်ကြားမှုကြောင့် ကေဘီစီခေါင်းဆောင် ဒေါက်တာခလမ်ဆမ်ဆွန်နဲ့ ဆရာတော်ကြီးတွေ ရွှေလီမနောင်ပွဲကို သွားရောက်ခဲ့ပါတယ်။ သွားရောက်ခဲ့ရာမှာလည်း မြစ်ဆုံစီမံကိန်းကို မရရအောင် ပြန်လည် အကောင်ထည်ဖော်ဆောင်ရွက်သွားဖို့ ယူနန်အစိုးရကို ပေကျင်းအစိုးရအဖွဲ့ချုပ်က ညွှန်ကြားထားပြီးပြီဖြစ်ကြောင်း၊ တရုတ်တွေအနေနဲ့ မဖြစ်မနေလုပ်ဆောင်သွားမှာ ဖြစ်တာကြောင့် အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ကချင်ဒေသခံတွေအနေနဲ့ ကန့်ကွက်မှုတွေ မလုပ်ပေးဖို့ ထပ်မံပြောဆိုခဲ့တာတွေ ရှိပါတယ်။

မြစ်ဆုံစီမံကိန်းအပေါ် လူထုရဲ့ စိုးရိမ်ပူပန်မှုကို အစိုးရအနေနဲ့ လျစ်လျူမရှုပါကြောင်း ဘေးထွက်ဆိုးကျိုးမရှိအောင် စီမံကိန်းကို အရွယ်အစားလျှော့ချမလား၊ ဒါမှမဟုတ် နေရာပြောင်းမလားဆိုတာကိုလည်း ညှိနှိုင်းနေတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မီဒီယာတွေကို ဆိုထားပါတယ်။

စီမံကိန်း အပြောင်းအရွှေ့ လုပ်မယ်ဆိုရင်တောင် သဘောတူနိုင်မှာမဟုတ်ဘူးလို့ အောင်မြင်သာစံပြကျေးရွာ ဒေသခံ ဒေါ်လုရာက ပြောပါတယ်။

"စီမံကိန်းကို နေရာပဲပြောင်းပြောင်း ကျွန်မတို့တော့ လက်မခံနိုင်ဘူး။ ဘာလို့လည်းဆိုရင် မေခဆိုလည်း ရေစီးအရမ်းသန်တယ် ရေကြီးတယ်။ မလိခလည် ရေကြီးတယ်။ ချောင်းသေးသေးလေး မဟုတ်ဘူး" လို့ ဒေါ်လုရာက ပြောပါတယ်။

မြစ်ဆုံစီမံကိန်း ဆက်လက် ဆောင်ရွက်သွားမယ်ဆိုတာနဲ့ ပတ်သက်ပြီး တရုတ်ကုမ္ပဏီတွေဆီက အကူအညီ အထောက်အပံ့တွေကို လက်ခံနေရပေမယ့် မြန်မာတစ်နိုင်ငံလုံးရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကြီးနဲ့ မလဲလှယ်နိုင်ကြောင်း၊ မြစ်ဆုံစီမံကိန်းကြီးကို ဆက်လက်ကန့်ကွက်သွားမယ်လို့ ဒေသခံတွေက အခိုင်အမာဆိုပါတယ်။

"ကျွန်တော်တို့က ဘာပဲလုပ်လုပ်၊ သူတို့ပေးတာကျွေးတာပဲ ယူယူ ကျွန်တော်တို့ စိတ်ထဲမှာတော့ မြစ်ဆုံစီမံကိန်းကို နည်းနည်းလေးမှ သဘောမတူဘူးဆိုတာ ရှင်းရှင်းလင်းလင်း ပြောချင်ပါတယ်"လို့ ဒေသခံတွေက ဆိုပါတယ်။

မြစ်ဆုံကန့်ကွက်တဲ့အဖွဲ့တွေကလည်း ဒေသခံတွေကို တရုတ်ကုမ္ပဏီက ကူညီနေပေမယ့် မြစ်ဆုံနဲ့တော့ လဲမှာမဟုတ်ဘူးလို့ အခိုင်အမာ ပြောပါတယ်။

"သူတို့က ဒါကိုကူညီပြီးမှ မြစ်ဆုံအတွက် ထောက်ခံပေးပါ။ စီမံကိန်းကို ထောက်ခံပေးပါဆိုရင်တော့ ကျွန်တော်တို့က လုံးဝပဲ။ သူတို့က ကျွန်တော်တို့ရဲ့ လယ်တော နှစ်ရှည်ပင်တွေ၊ ခြံတွေ၊ အားလုံး အပြောင်ကို ရှင်းပစ်ခဲ့တာ။ အခုကျွန်တော်တို့က အလုပ်လက်မဲ့နဲ့ နေနေရတာ။ သူတို့က ကူကို ကူညီရမှာ၊ ဒါ သူတို့ တာဝန်ပဲ. . . "လို့ ဆိုပါတယ်။ ■

Ann




မြစ်ဆုံစီမံကိန်းကြောင့် အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့ခံရသော ရွာသားများအတွက် တရုတ်ကုမ္ပဏီက မနက်ဈေးတည်ဆောက်ထားပေးပုံ

# ကျောက်မျက်ရတနာပြပွဲတွင် ယူရို ၅ သန်း တန်ဖိုးရှိ

## အရည်အသွေးမြင့်ကျောက်များ ပြသရောင်းချလျက်ရှိ



မတ် ၁၅

တရုတ် နှစ်သစ်ကူးပြီး နောက်ပိုင်း ကျောက်မျက်ပြပွဲများ ပြတ်လပ်နေသည့်အတွက် ကုန်ကြမ်းရှားပါးလာသောကြောင့် နေပြည်တော်တွင် ပြုလုပ်ကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယခင်နှစ်ကထက် အရည်အသွေးမြင့် ကျောက်စိမ်းများ ပြသရောင်းချလာကြောင်းမြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သူရက ပြောသည်။

"ဒီနှစ်မှာတော့ အရင်နှစ်တွေကထက်ကျောက်စိမ်းအရည်အသွေးတွေက ကောင်းလာတယ်။ အရည်ကျောက်တွေလည်း ပါလာတယ်။ ခါတိုင်းနှစ်တွေထက် ပိုပြီးရောင်းကောင်းနိုင်တယ်လို့ ယူဆပါတယ်"ဟု ဦးကျော်သူရက ရှင်းပြသည်။

ယင်းသို့ ပြသရောင်းချရာတွင် ကြမ်းခင်းဈေး ယူရို ၅ သန်း တန်ဖိုးရှိသည့် ကျောက်စိမ်းအတွဲများကို ပြသထားသည်ဟု သိရပြီး သက်ဆိုင်ရာ လော့ဒ်အလိုက် အရည်ကျောက်များကို အများအပြားမြင်တွေ့ခဲ့ရသည်ဟုလည်း ကျောက်မျက်ပြပွဲသို့ သတင်းသွားရောက်ယူနေသည့် ဖားကန့်မြို့နယ်မှ အလွတ်တန်းသတင်းထောက် ကိုဇော်မိုးထက်က ပြောသည်။

"ဈေး အရမ်းကောင်းတဲ့ ကျောက်တွေ အများကြီးပဲ။ အရင်တုန်းကဆို အဲဒီလို မတွေ့ခဲ့ရဘူး။ တကယ်ကို ဈေးကြီးနေတဲ့ ကျောက်တွေပါ။ ဘယ်လောက်ရောင်းချရမလဲဆိုတာတော့ ပွဲမပြီးသေးတော့ မသိရသေးဘူး" ဟု ကိုဇော်မိုးထက်မှ ရှင်းပြသည်။

၅၆ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၁၀ ရက်နေ့မှ ၂၀ ရက်နေ့အထိကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည် ၄၀၀၀ ကျော် တက်ရောက်နေကာ ကျောက်မျက်အတွဲပေါင်း ၆၉၇၃တွဲ ခန့် ပြသရောင်းချလျက် ရှိကြောင်းလည်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

# မြစ်ကြီးနားမြို့တွင် ကုန်စည်ပြပွဲ ပြုလုပ်မည်

မတ် ၁၂

မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ Myitkyina Trade Fair ကုန်စည်ပြပွဲကြီးကို ဧပြီလ ပထမအပတ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြသရောင်းချလိုသူများ အနေဖြင့် စုံစမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲကြီးကို ရန်ကုန်မြို့အခြေစိုက် Smart Business Group ကုမ္ပဏီမှ ကြီးမှူး ကျင်းပသွားမည်ဖြစ်ပြီး ဧပြီလ ၂ ရက်နေ့မှ စတင်ပြီး ၅ ရက်နေ့ထိ ၅ ရက်ကြာ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"အခြေခံ စားသုံးကုန်တွေ၊ လူသုံးကုန်ပစ္စည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ဖို့အတွက် ပြုလုပ်ရတာဖြစ်ပါတယ်။ ကုန်ပစ္စည်းနဲ့ ပတ်သက်တာတွေကို မြစ်ကြီးနားကသူတွေ လေ့လာနိုင်အောင်လို့ဒီကုန်စည်ပြပွဲကို လုပ်တာပါ"ဟု Smart Business Group ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းပြပွဲတွင် စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါးနှင့် အစားအစာ၊ အဝတ်အထည် အစရှိသည်တို့ကို ရောင်းချသွားမည်ဖြစ်ပြီး ဆိုင်ခန်းငှားခအနေဖြင့် ခန်းမအတွင်း ၈ ပေပတ်လည် ဆိုင်ခန်းတစ်ခန်းကို ၃၇၉,၀၀၀ကျပ်၊ခန်းမအပြင်ဘက်တွင် တစ်ခန်းလျှင် ၂၅၅,၀၀၀ ကျပ်နှင့် ၂၅၉,၀၀၀ ကျပ် အသီးသီး သတ်မှတ်ထားပြီး ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

Smart Business Group ကုမ္ပဏီ၏ လူမှုကွန်ရက်စာမျက်နှာတွင်လည်း မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ်သို့ ဈေးကွက်ချဲ့ထွင်ရာတွင် ရောင်းအားမြှင့်တင်လိုလျှင် သော်လည်းကောင်း၊ ကုန်ပစ္စည်းအသစ်မိတ်ဆက်လိုလျှင် သော်လည်းကောင်း သုံးစွဲသူ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ရှင်းလင်းပြသလိုလျှင်သော်လည်းကောင်း Myitkyina Trade Fair ကုန်စည်ပြပွဲကြီးတွင် ပါဝင်ရောင်းချရန်အတွက်လည်း ဖိတ်ခေါ်ထားသည်။

စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အသေးစိတ်သိရှိလိုပါက Smart Business Group ကုမ္ပဏီ၏ ဖုန်းနံပါတ်များ ဖြစ်သော ၀၉၇၉၀၈၉၀၉၉၀၊ ၀၉ ၅၀၉၉၀၇၉၊ ၀၉ ၅၀၀ ၃၆၁၈ စသည့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

# ဖားကန့်မှာ ၃၅ ကျပ်နဲ့ မီးလင်းတော့မယ်

မတ် ၁၅

လာမည့် ဧပြီလအတွင်း ဖားကန့်မြို့နယ်တွင် တစ်ယူနစ် ၃၅ ကျပ်နှုန်းဖြင့် လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးထံမှ သိရသည်။

လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ရေးအတွက် လိုအပ်သည့် ဝန်ထမ်းများအား ခန့်အပ် တာဝန်ပေးသွားမည်ဖြစ်ပြီး ခန့်အပ်ပြီးပါက မီးလင်းနိုင်တော့မည် ဖြစ်ကြောင်းလည်း သိရသည်။

"ဝန်ထမ်းတွေလည်း ခန့်အပ်သွားမှာပါ။ အခြားရုံးဆိုဒ်က ဝန်ထမ်းတွေကိုလည်း ဆွဲခေါ်ပြီးတော့ လုပ်သွားဖို့ရှိတယ်။ အပြင်ကနေ့စားဝန်ထမ်းတွေကိုလည်း ခန့်သွားမှာပါ။ မကြာခင် သေချာပေါက် မီးလင်းတော့မှာပါ"ဟု ဦးတင့်စိုးက ပြောသည်။

ဦးတင့်စိုးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်တို့ ဖားကန့်မီးလင်းနိုင်ရေးအတွက် ဝန်ထမ်းအင်အားမလုံလောက်မှုကို စွမ်းအင်နှင့်လျှပ်စစ်ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကို မတ်လ ၁၅ ရက်နေ့က တင်ပြခဲ့ရာမှ အပြီးသတ် အဆုံးအဖြတ်ချပေးခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

ဖားကန့်မြို့နယ်အတွင်း လျှပ်စစ်မီး ရရှိရေးအတွက် မိုးကောင်း၊ကာမိုင်း၊ဖားကန့် 66 KV လိုင်းအား သွယ်တန်းပြီးစီးပြီးဖြစ်ကာ မီတာဘောက် အလုံး ၆၀၀၀ ချထားပေးပြီး မီးလွှတ်နိုင်ရေး တစ်ခုတည်းသာ ကျန်တော့သည်ဟုလည်း သိရသည်။

ဖားကန့်လျှပ်စစ်မီးနှင့် ပတ်သက်ပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က ဖားကန့်မြို့ ၂၄ နာရီမီးလင်းနိုင်ရေးအတွက် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စုစုပေါင်းကျပ်သန်း ၃၃၁၅ ဒသမ ၇၄၂ ဖြင့် 11 KV လိုင်း ၃၂ ဒသမ ၆၅ မိုင် 400 KV လိုင်း ၆၁ ဒသမ ၈၀၇ မိုင် X'mer ၄၃ လုံးကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်နေ့က လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

လျှပ်စစ်ဓါတ်အား မသွယ်တန်းခင်က ပုဂ္ဂလိကကုမ္ပဏီများဖြစ်သည့် လဂရောင်း၊ ရှယ်ဖန်မလီနှင့် ဆိုင်းမိုင်ကုမ္ပဏီတို့မှ တစ်ယူနစ်လျှင် ၉၀၀ ကျပ်ခန့်ဖြင့် ညနေ ၆ နာရီမှ ည၁၁ ခန့်အထိ ဝယ်ယူသုံးစွဲနေရပြီး ယခုချီဖွေငယ် ရေအားလျှပ်စစ်မှ ပို့လွှတ်သည့် လျှပ်စစ်မီး ရရှိပါက အစိုးရမီတာခ သတ်မှတ်နှုန်း အတိုင်းသာ ကောက်ခံသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ■

ဇော်မိုးထက်/စည်သူ (မြစ်ကြီးနား)





# ဖားကန့်ရွှေ့ပြောင်းလုပ်သမား တစ်ထောင်ကျော်ကို ပြည်နယ်အစိုးရက အခမဲ့ ဆေးကုသမှုပြုလုပ်ပေး



မတ်လ ၁၃

ဖားကန့်မြို့နယ်ရှိ ရွှေ့ပြောင်းအလုပ်သမား တစ်ထောင်ကျော်ကို ကချင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများက အခမဲ့ ဆေးကုသမှုကို ပြုလုပ်ပေးကြောင်း သိရသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ကချင်ပြည်နယ်ဥပဒေချုပ် ဦးဆောင်သည့်အဖွဲ့သည် ဖားကန့်မြို့နယ်မှ မမုံ၊ လုံးခင်းနှင့် တောင်ပြိုကျေးရွာ သုံးရွာမှ ရွှေ့ပြောင်းအလုပ်သမား ၁၂၁၀ ဦးကို ဆေးကုသပေးခဲ့ကြောင်း ကချင်ပြည်နယ် ဥပဒေချုပ် ဦးဒီးဆင်ရမ်က ပြောသည်။

"ဖားကန့်ကို ရွေးချယ်ရတာကတော့ အဓိက အဲ့မှာ ရွှေ့ပြောင်း အလုပ်သမားများလို့ ဖြစ်တယ်။ မြေပြိုတာတို့ ဘာတို့ ဖြစ်တော့ ကျန်းမာရေး အရမ်းထိခိုက်တာတွေ ရှိတယ်။ နိုင်ငံတော် အစိုးရကလည်း ရွှေ့ပြောင်းအလုပ်သမားတွေကို ဆေးကုဖို့ ဆောင်ရွက်ထားတဲ့အတွက် အထူးကုဆရာဝန်ကြီးတွေနဲ့ သွားရောက်ကုသခြင်း ဖြစ်တယ်"ဟု ဦးဒီးဆင်ရမ်က ပြောသည်။

မမုံကျေးရွာမှ ရွှေ့ပြောင်းအလုပ်သမား ၄၃၀ ဦး၊ လုံးခင်းကျေးရွာမှ ၅၃၁ ဦး၊ တောင်ပြိုကျေးရွာမှ ၂၄၉ ဦးတို့ကို အခမဲ့ကုသပေးခဲ့ပြီး ကျန်းမာရေးပြင်းထန်သည့် လူနာ ၄၃ ဦးကိုမူ မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန်မြို့များသို့ပရဟိတအဖွဲ့မှစရိတ်ကျခံပေးပို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ပြင်းထန်တဲ့လူနာတွေကို ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်တဲ့ ကျောက်မြတ်လုပ်ငန်းရှင်အဖွဲ့တွေ၊ လူမှုရေးနှင့် ပရဟိတအဖွဲ့တို့ကနေပြီးမှ ဒီလူနာတွေကို ကားနဲ့ပို့မယ်၊ နေစရိတ်၊ စားစရိတ်၊ ဟိုမှာဆေးကုတဲ့စရိတ်တွေရော မိမိနေရာကို ပြန်ရောက်တဲ့အချိန် တာဝန်ယူဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ဦးဒီးဆင်ရမ်က ပြောသည်။

ရွှေ့ပြောင်းလုပ်သား ၁၂၁၀ ဦးတွင် အထွေထွေအထူးကုသမားတော်ကြီး လူနာ ၃၂၂ ဦး၊ မျက်စိအထူးကုဆရာဝန်မှ ကုသသည့်လူနာ ၂၇၁ ဦး၊ အရိုးအထူးကု ဆရာဝန်မှ ကုသသည့်လူနာပေါင်း ၂၀၀ကျော်တို့ရှိခဲ့ကြောင်းလည်းသိရသည်။

ယင်းလူနာများကို မြစ်ကြီးနားအထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ၅ ဦး၊ မိုးညှင်းအထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ၃ ဦး၊ လ/ထ ဆရာဝန် ၃ ဦး နှင့် သူနာပြု၁၀ ဦး တို့ဖြင့် မတ်လ ၈ ရက်နှင့် ၉ ရက်နေ့တို့တွင် သွားရောက်ကုသပေးခဲ့ကြခြင်း ဖြစ်သည်။

Salai

## ရက်ရွှေ့ပြောင်း ထုတ်ဝေခြင်း

မြစ်ကြီးနားသတင်းဂျာနယ်ကို အပတ်စဉ်ထုတ်ဝေနေသည့် တနင်္လာနေ့(၂၅/၃/၂၀၁၉)တွင် ထုတ်ဝေရမည့်အစား သောကြာနေ့(၂၉/၃/၂၀၁၉) မြစ်ကြီးနားသတင်းဂျာနယ် ငါးနှစ်ပြည့်အခမ်းအနား ကျင်းပမည့်နေ့တွင် ထုတ်ဝေပေးသွားမည်ဖြစ်ကြောင်း စာဖတ်ပရိသတ်များကို လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်ဝိုင်းတော်သားများ


## ဝန်ထမ်းအမြန်အလိုရှိသည်

**UPG Paints & Coating Co.,Ltd**

မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်မည့်အရောင်းစင်တာအတွက် ဝန်ထမ်းများအလိုရှိပါသည်။

၁။ Sale Supervisor ကျား (၁)
၂။ Computer Operator မ (၁)
၃။ စတိုလုပ်သား ကျား (၃)

**အမှတ်စဉ် (၁) နှင့် (၂) လျှောက်ထားလိုသူများအနေဖြင့်**
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- အသက် (၂၀) မှ (၃၅) နှစ်အတွင်း
- မြစ်ကြီးနားမြို့တွင် နေထိုင်သူဖြစ်ရမည်။
- ကွန်ပျူတာ Word, Excel ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများ/Diploma တစ်ခုခုရရှိထားသူများကို ဦးစားပေးမည်။
- ရန်ကုန် (သို့) မန္တလေးမြို့တွင် လာရောက်သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်။

**အမှတ်စဉ် (၃) လျှောက်ထားလိုသူများအတွက်**
- အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။
- အသက် (၁၈) နှစ်ပြည့်ပြီးသူများဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး မြစ်ကြီးနားမြို့တွင် နေထိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် သက်ဆိုင်ရာ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာ အထောက်အထား၊ CV Formပူးတွဲလျက် ဖော်ပြပါလိပ်စာများသို့ (၃၁.၃.၂၀၁၉) အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

**UPG Company Mandalay Center**

၆၂ လမ်း၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉၉၃၁၀၅၈၀၀၁၊ ၀၉၆၉၇၆၀၀၀၉၉ **Email:** mandalaymarketing@upgpaint.com




# Movie view

**ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**




**နေ့လယ် ၁၂း၃၀ နှင့် ည ၆း၃၀ ပွဲချိန်တွင်**

**တာတူး**




**ညနေ ၃း၃၀ ပွဲချိန်တွင်**

FRIEND ZONE

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍာ

| ဓာတ်သတ္တုတောထဲ တိုးဝင်ခြင်း |
|---|
| စာရေးသူ = ဆင်တဲဝမြတ်ဖုန်း |
| ထုတ်ဝေသူ = မျိုးဆက်သစ်စာပေ |
| တန်ဖိုး = ၃၀၀၀ ကျပ် |




**ညီထွန်းလင်း**

စာရေးဆရာ ဆင်တဲဝမြတ်ဖုန်း၏ ဓာတ်သတ္တုများနှင့်ပတ်သက်သည့် ဆောင်းပါးများကို စုစည်းထားခြင်း ဖြစ်ပါသည်။ ယခု ဆောင်းပါးများတွင် သတ္တုတူးဖော်မှုကြောင့် ရေမြေတောတောင် သဘာဝ ပျက်စီးမှုများ၊သတ္တုလုပ်ငန်းကို အကြောင်းပြု၍ နိုင်ငံခြားသားများနှင့် ပတ်သက် ဆက်နွှယ်လာရမှုများ၊ မြန်မာ့နယ်နမိတ် မလုံခြုံမှုများ၊ ဘိန်းနှင့်စပ်ဆိုင်သော ဖြစ်ရပ်များ၊ တစ်ခါက ကမ္ဘာ့အကြီးဆုံးမိုင်းဖြစ်ခဲ့ဖူးသော ဘော်တွင်းမိုင်းကြီး၏ အနာဂတ်ကံကြမ္မာ မတွေးဝံ့စရာ၊ ကမ္ဘာကျော် ကျောက်စိမ်းဒေသ၏ ဝရုန်းသုန်းကား အခြေအနေများ စသည့် အကြောင်းခြင်းရာတို့ကို မှတ်တမ်းတင်ထားသော ဆောင်းပါးများဖြစ်ပါသည်။

"အဲဒါ အခုရောက်နေတဲ့ လောပန်းကြီးက ဆရာ့ကို သိပ်တွေ့ချင်နေတယ်၊ ဆရာနဲ့တွေ့မှ ဒေါ်ရီဝေဘာတွေ လုပ်ထားတယ်။ ဘယ်ဟာတွေ ဘယ်လောက်ပြီးသွားပြီ။ စတာတွေကို သိမယ်။ ဆရာ့ကိုတွေ့လို့ရမရဆိုတာကို သူက သိပ်သိချင်နေတယ်။ တွေ့ခွင့်ပေးပါလို့လည်း သူက တောင်းပန်တဲ့အကြောင်း ပြောပေးပါလို့ ထပ်ခါတလဲလဲ ပြောနေပါတယ်ဆရာ။ဖြစ်နိုင်ရင်တော့ ကူညီလိုက်ပါ ဆရာရယ်" စကားပြန်က အပြောကောင်းလို့တော့ မဟုတ်။ ကျွန်တော်ကိုယ်တိုင်က မပြီးပြတ်သေးသောကိစ္စကို အပြီးသတ်လိုနေသဖြင့် သူ၏ တောင်းခံမှုကို ကျွန်တော် လက်ခံလိုက်ပါသည်။

သူတို့အဖွဲ့နှင့်ကျွန်တော် တရုတ် စားသောက်ဆိုင်တစ်ခုမှာ ဆုံတွေ့ကြပါသည်။ သူတို့ကသုံးယောက်။ စကားပြန်ရယ်၊ဒေါ်ရီဝေ၏ လောပန်းကြီးဆိုသူ မစ္စတာလျူရယ်၊ တရုတ်သတ္တုပညာရှင်တစ်ယောက်ရယ် ဖြစ်သည်။ စကားပြန်က အသက်၅၀ကျော်လောက် ဖြစ်ပေမယ့် ကူမင်းကလာသူ နိုင်ငံခြားသားနှစ်ယောက်ကတော့ အသက် ၄၀ ဝန်းကျင်လောက်သာ ရှိဦးမည်ဟု ခန့်မှန်းမိသည်။

သူတို့နှင့်တွေ့မှ ဒေါ်ရီဝေ့ကိစ္စ ပြည့်ပြည့်စုံစုံ သိလာရတော့သည်။ မစ္စတာလျူက ဒေါ်ရီဝေကို ငွေထုတ်ပေးသည့် လောပန်းကြီး။ ဒေါ်ရီဝေက နိုင်ငံသားကုမ္ပဏီမှတ်ပုံတင်၍ သတ္တုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့်သူ။ ယခု အခြေအနေမှာ မစ္စတာလျူနှင့် ဒေါ်ရီဝေတို့ကိစ္စက တစ်ပိုင်း။ ကျွန်တော်နှင့်ဒေါ်ရီဝေကိစ္စက တစ်ပိုင်း။ ကျွန်တော် ရှေ့ပြေး ကွင်းဆင်းခရီးရက်တို ငါးရက်ခန့် သွားခဲ့ရုံမျှသာ ရှိပါသေးသည်။ တကယ့်လုပ်ငန်းကြီးကို ဘာဆိုဘာမျှ မစတင်ရသေး။ ထို ရက်တိုခရီးစဉ်အတွက် စရိတ်စကကျပ်ငါးသိန်းကို ဒေါ်ရီဝေထံမှ ကျွန်တော် ထုတ်ယူထားခဲ့သည်။ (စာ - ၁၇၇ မှ)

| ဆူး၏သရဖူ |
|---|
| စာရေးသူ = နေဝင်းမြင့် |
| ထုတ်ဝေသူ = ဥတ္တရလမင်း |
| တန်ဖိုး = ၆၀၀ ကျပ် |




**ညီထွန်းလင်း**

ရုရှားစာရေးဆရာကြီး အိုင်ဗန်တူဂေညက်ရဲ့ ဝတ္ထုလတ်နှစ်ပုဒ်ကို ပေါင်းပြီး ဆရာနေဝင်းမြင့်က ဆူး၏ သရဖူနာမည်နဲ့ဥတ္တရလမင်း စာအုပ်တိုက်က ထုတ်ဝေခဲ့တဲ့စာအုပ် ဖြစ်ပါတယ်။ ၂၀၀၂ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့တာဖြစ်ပြီး ဒုတိယအကြိမ်ထုတ်ဝေတာ မတွေ့မိသေးပါဘူး။ ဒီစာအုပ်မှာ The INN ကို ထမင်းဆိုင် လို့ အမည်ပေးပြီး Faust ကိုတော့ ကဗျာလို့ ပေးထားပါတယ်။ တောကျေးလတ်က ထမင်းဆိုင်တစ်ဆိုင်မှာ ဖြစ်ပျက်ခဲ့တဲ့ အိမ်ထောင်မှုဘဝကိုခြယ်မှုန်းထားတာဖြစ်ပြီးတော့ Faustကတော့ ဂျာမာန်စာဆို ဂိုထေးရဲ့ကဗျာ ကို ဖတ်ပြရင်း ဘဝအမောတွေ ကြုံခဲ့ရတဲ့ အချစ်ဖွဲ့ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ ဒီနှစ်ပုဒ်ကိုပေါင်းပြီး ဆူး၏သရဖူလို့ နာမည်ပေးထားတာပါ။ ဘဝဟာ ဆူးနဲ့တူတယ်ဆိုရင် အချစ်ဟာ ဆူးတွေရဲ့ သရဖူလို့ ပြောချင်တာပါ"လို့ ဆရာနေဝင်းမြင့်က ဆိုပါတယ်။

"မတည်မငြိမ် ပြောင်းလဲတတ်သည့် သဘောကိုလည်းကောင်း မည်သူမသိဘဲ ရှိပါသနည်း။ သူ့ဆိုင်မှာ ခါတိုင်းလိုမဟုတ်ဘဲ ပုံမှန်မဟုတ်တာကလေးတွေ၊ စိတ်ရန့် မကင်းစရာလေးတွေကို အာကင်းမ်တွေ့မိ၊ ထင်မိတာတွေ ရှိလာသည်။ သို့သော် ဒါတွေအားလုံးကို အာကင်းမ် မောင်းထုတ်ပစ်ခဲ့သည်ချည်း။ ပူလောင်ခြင်းနှင့်ယှဉ်သော သောကပရိဒေဝ ဝေဒနာကို အာကင်းမ် မခံစားလိုတော့တာလည်း ပါပါသည်။ စိတ်သောကတွေ နည်းနိုင်သမျှနည်းအောင် လျှော့ချပြီး နှစ်ကာလရှည်ကြီးကို စိတ်ချမ်းသာလက်ချမ်းသာ ပြီးမြောက်ကုန်လွန်သွားတာကိုပဲ အာကင်းမ်တပ်မက်သည်။ သို့သော် အားကင်းမ် အမှတ်ထင်ထင်ဖြစ်ခဲ့ရသည့် ရက်တစ်ရက်မှာတော့ သူ့စိတ်တွေ အချဉ်ပေါက်နေခဲ့ရသည်။ မမျှော်လင့်ဘဲ သူ့ဇနီးနှင့်ပတ်သက်သည့်ကိစ္စတွေကို သည်ရက်တွေထဲမှာပဲ သူ့နားနှင့်ဆတ်ဆတ် ကြားခဲ့ရသည်။ သူ့ထမင်းဆိုင်က ထမင်းချက်နှင့် အခြားအမျိုးသမီးတစ်ယောက် အခန်းထဲမှာ စကားပြောနေကြတာကို သူ အမှတ်မထင် ကြားခဲ့သည့်နေ့က ဖြစ်သည်။ အမျိုးသမီးက ထမင်းချက်ကို အလုပ်ပိတ်ရက်တွေတုန်းက ရောက်မလာခြင်းနှင့် ပတ်သက်၍ မေးနေခြင်းဖြစ်သည်။

'ကျွန်မရှင့်ကိုညနေတိုင်း စောင့်နေတာကို ရှင်သိရဲ့လား. . မျှော်လိုက်ရတာလေ. . "။ (စာ - ၁၅၅ မှ)

## အပြည်ပြည်ဆိုင်ရာ

# မြစ်ချောင်းအင်းအိုင်များနေ့ကို

## မြစ်ဆုံတွင် ကျင်းပ

မြစ်ကြီးနား၊ မတ်လ ၁၄

မတ်လ ၁၄ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းအင်းအိုင်များနေ့ကို မေခ၊ မလိခ ပေါင်းဆုံရာ မြစ်ဆုံ၌ ဧရာဝတီမြစ်ကြီး ထာဝစဉ် လွတ်လပ်စွာစီးဆင်းနိုင်ရေး ဆုတောင်းခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့သည်။

အဆိုပါ ဆုတောင်းခြင်း အစီအစဉ်ကို မြစ်ဆုံရေကာတာစီမံကိန်းကြောင့် နေရပ်များ စွန့်ခွာပြောင်းရွှေ့နေရသော မိခင်များက ပြုလုပ်ခဲ့သည်။

ခရစ်ယာန် ဘာသာဝင်တို့၏ ဓလေ့ထုံးစံအရ ထိုဆုတောင်းခြင်း အစီအစဉ်ကိုပြုလုပ်ရခြင်းမှာ မိမိတို့ဧရာဝတီမြစ် ထာဝစဉ်လွတ်လပ်စွာ စီးဆင်းနိုင်ပါစေဟူသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း ဒေသခံဦးမုန်ရာက ပြောသည်။

"ကျွန်တော်တို့က ဒီမြစ်ဆုံဒေသမှာ နှစ်စဉ်နှစ်တိုင်း အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းအင်းအိုင်များနေ့ကို မြစ်ဆုံ စီမံကိန်းကြောင့် ပြောင်းရွှေ့ခံရတဲ့ရွာတိုင်းက အမျိုးသမီးတွေ စုပြီးတော့ အခုလို ဧရာဝတီမြစ်ကြီး လွတ်လပ်စွာ စီးဆင်းနိုင်ဖို့ ဆုတောင်း ခွန်အားယူခြင်း ဖြစ်ပါတယ်"ဟု ဦးမုန်ရာက ပြောသည်။

မြစ်ဆုံတွင် အပြည်ပြည်ဆိုင်ရာမြစ်ချောင်းအင်းအိုင်များနေ့ကို ပြောင်းရွှေ့ခံအမျိုးသမီးအဖွဲ့မှ အဓိကဆောင်ခြင်းဖြစ်ကြောင်း ဦးမုန်ရာမှ ဆက်လက်ပြောကြားသည်။

မြစ်ဆုံတွင် ရေကာတာကြီးဆက်လက်အကောင်အထည်ဖော် တည်ဆောက်မည်ကိုမြစ်ဆုံဒေသခံများက စိုးရိမ်၍ အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းအင်းအိုင်များနေ့တွင် ၎င်းတို့ ယုံကြည်ရာကို ဆုတောင်းခြင်းဖြစ်ကြောင်း မြစ်ဆုံ စီမံကိန်းကြောင့် ပြောင်းရွှေ့ခံတစ်ဦး ဖြစ်သူ ဒေါ်ဂျာခေါ်နိက ပြောသည်။

"ဒီ ဧရာဝတီမြစ် အတားအဆီးမရှိ ထာဝစဉ် လွတ်လပ်စွာစီးနိုင်ဖို့ ဆုတောင်းပါတယ်။ ဒီ အစီအစဉ်က အဓိကမြစ်ဆုံကိုချစ်တဲ့မိခင်တွေ အခုလို နေရာမှာ ကိုယ့်လမ်းစရိတ်ကိုခံပြီး အခုလို ပြုလုပ်တာပါ"ဟု ဒေါ်ဂျာခေါ်နိက ပြောသည်။

အပြည်ပြည်ဆိုင်ရာ မြစ်ချောင်း အင်းအိုင်များနေ့တွင် မြစ်ဆုံဒေသခံ အမျိုးသမီး အယောက် ၃၀ ခန့်နှင့် ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များက ဆုတောင်းခြင်း အစီအစဉ်ကို ဦးဆောင်ပြုလုပ်ခဲ့သည်။

"ဒီမြစ်ဆုံကို အမျိုးသမီးများသာမက အကုန်လုံးက ကန့်ကွက်တယ်။ မြစ်ဆုံစီမံကိန်း ဆက်လုပ်ပြီဆိုရင် တစ်နိုင်ငံလုံး ပြာကျသွားမယ်။ မြစ်ကြီးနားပဲ မဟုတ်ဘူး။ အောက်ပြည်အောက်ရွာမှာရှိတဲ့၊ မန္တလေးမှာရှိတဲ့ နန်းတော်တွေ ဘုရားတွေ၊ တံတားတွေ ပုဂံညောင်ဦး အကုန်ပါသွားမယ်။ အကုန်ပျက်စီးသွားမယ်။ ဒီဆည်ဆောက်မယ်ဆိုရင် ခိုင်ခန့်မှုရှိကိုမရှိနိုင်ဘူး။ ဒါကြောင့် ဒီစီမံကိန်း လုံးဝ(လုံးဝ)မပြုလုပ်ဖို့ရာ အမျိုးသမီးများက အခုလို ဆုတောင်းရခြင်းဖြစ်ပါတယ်"ဟု ဖာသာဦးနော်ဒင့်က ပြောသည်။

အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းအင်းအိုင်များနေ့ကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မန္တလေးမြို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပြီး တစ်နိုင်ငံလုံးရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများက ထုတ်ပြန်ချက်တွေ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Burma Rivers Network Save the Salween Network နှင့် အရပ်ဘက်အဖွဲ့အစည်းများက မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်တွင် "ကျွန်ုပ်တို့လိုအပ်သည်မှာ ငြိမ်းချမ်းရေးဖြစ်ပါသည်။ အကြီးစားရေကာတာကြီး မဟုတ်ပါ" ဟုဖော်ပြထားကြောင်း တွေ့ရသည်။ ■

Ah Je

# လမုန်ဇွပ် မသန်စွမ်း မျက်မမြင်ရိပ်သာတွင်

# သောက်သုံးရေ အခက်ခဲဖြစ်နေ




မြစ်ကြီးနား၊ မတ်လ ၁၂

မြစ်ကြီးနား မြို့နယ်၊ နောင်နန်းတိုက်နယ် လမုန်ဇွပ်ကျေးရွာရှိ မသန်စွမ်း မျက်မမြင်များ ရိပ်သာတွင် သောက်သုံးရေလုံလောက်မှု မရှိသည့် အခက်အခဲနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါ မသန်စွမ်း မျက်မမြင်ရိပ်သာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်ကတည်းက ပြုလုပ်ထားသော ရေတွင်းတစ်တွင်းသာရှိကြောင်း၊ ယင်းရေတွင်းသည် ဂေဟာပတ်ဝန်းကျင်၌ ရာဘာစိုက်ပျိုးမှုကြောင့် ရေသောက်မြစ် ဝေးကွာသွားသဖြင့် သောက်သုံးရေမလုံလောက်မှု ဖြစ်နေကြောင်း ဂေဟာတာဝန်ခံ ဒေါ်ဘောက်တောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အရင်က ပေ ၂၀ လောက်ဆိုရင် ရေရှိပြီ။ ရာဘာကြောင့်လေ။ ကျွန်မတို့လည်း ခြံနောက်ဘက်မှာ ရာဘာစိုက်၊ ဟိုဘက်မှာရောသူများကစိုက် ဆိုတော့။ နှစ်ဘက်စလုံး ရာဘာစိုက်တယ်။ ရာဘာတွေ ကြီးလာတော့ ရေအရမ်းစုပ်တော့ ရေတွင်းက ရေခမ်းသွားတယ်"ဟု ဒေါ်ဘောက်တောင်က ပြောသည်။

ယခု လက်ရှိအချိန်တွင်လည်း ဂေဟာဘေးနှစ်ဘက်တွင် ရာဘာခြံရှိသည့်အတွက် နွေရာသီရောက်လာသည်နှင့်အမျှ သောက်သုံးရေ ပြတ်လပ်သွားမည်ကို စိုးရိမ်သဖြင့် ဂေဟာရှိ ကလေးများကိုလည်း ရေချွေတာသုံးရန် ပြောဆိုထားကြောင်းနှင့် ရာဘာပင်နှင့် ဝေးသည့်နေရာတွင် ရေတွင်း တစ်တွင်း ထပ်မံအလိုရှိကြောင်း ဒေါ်ဘောက်တောင်က ဆက်လက်ရှင်းပြသည်။

ယင်းသို့ ရေခမ်းခြောက်ကာ ရေရှားပါးလာမှုကြောင့် ဂေဟာရှိမသန်စွမ်းများအား ချက်ပြုတ်ပေးရာတွင် ရေလုံလောက်စွာ အသုံးပြု၍ မရသဖြင့် ချွေတာသုံးရကြောင်း ဒေါ်ဘောက်တိန်က ပြောသည်။

"အသီးအရွက်တွေဆေး၊ ပန်းကန်တွေ ဆေးတဲ့ချိန် ရေအများကြီး မသုံးရဘူး။ နည်းနည်းပဲ သုံးရတယ်။ ကျွန်မစိတ်မှာတော့ ရေအများကြီးနဲ့ ဆေးချင်တာ။ ရေခမ်းလာတော့ ရေအများကြီး မသုံးရဲတော့ဘူး"ဟု ဒေါ်ဘောက်တိန်က ပြောသည်။

အလားတူရေရှားပါးလာမှုသည် ဘေးပတ်ဝန်းကျင်ရှိ ရာဘာပင်များကြောင့် ရေခမ်းလာရခြင်း ဖြစ်ကြောင်းနှင့် ရေချိုးရန် ရေမလုံလောက်သဖြင့် အခက်တွေ့နေရကြောင်း အသက် ၆၅ နှစ်ရှိပြီဖြစ်သည့် ဦးဒရှိဘောက်နော်က ပြောသည်။

"ရာဘာစိုက်တဲ့သူ များလာတော့ နွေရာသီရောက်လာရင် ရေတွင်းရေခမ်းလာတယ်။ လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်တုန်းက မလိခဘက်ရေသွားချိုးတာ ဒီက ကလေးတစ်ယောက် ရေနစ်သေသွားတာလည်း ရှိခဲ့ဖူးတယ်" ဟု ဦးဒရှိဘောက်နော်က ပြောသည်။

လမုန်ဇွပ် မသန်စွမ်း မျက်မမြင်များ ရိပ်သာသည် ဂျန်မိုင်ကောင်း မျက်မမြင်ကျောင်းခွဲဖြစ်ပြီး လက်ရှိအချိန်တွင် လူဦးရေ ၂၀ ယောက်ရှိကာ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးနှင့် ရာဘာခြစ်သည့် လုပ်ငန်းများကို လုပ်ကိုင်ကြကြောင်း သိရသည်။

မျိုးမြတ်မြတ်ပန်



ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Premises Maintenance Officer**

**Reference Number: ADMIN_MYI_2019003**

**To be based in Myitkyina** with frequent travel to Kachin State.

**Duties and Responsibilities**

- As a Premises Maintenance Officer, you will prepare the pre-selection of residences before presenting to the Administrator.
- You will coordinate with the lessor for premises handover at beginning or end of contract and update on a monthly basis the premises list.
- You will coordinate the maintenance team and ensure that premises and equipment are properly maintained and that all utilities are working as they should.
- Furthermore, you will deal with external service providers where relevant and coordinates/ supervises their work.
- You will directly supervise the maintenance and domestic staffs and ensure adequate stock of maintenance and cleaning supplies.
- In addition, you will supervise the security guards together with the assistance of Security Guard Team Leader.
- You will prepare for meetings by setting up rooms and materials, including technical set-up for conference calls, presentations and video conferences.
- You will also keep proper related files and statistics.

**Required profile**

- It is required to have a technical school certificate or diploma or equivalent.
- You should have at least 2 - 3 years' work experience in a relevant field.
- Your communication skills should be excellent and you should be fluent in written and spoken English as well as Myanmar language.
- You should have sound knowledge of maintenance and repairs of equipment and/or premises management and good negotiation are strong asset.
- Good knowledge of computers and ability to run specific software.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **08 March 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:

**yan_hr_recruitment_services@icrc.org**

ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

**Aye Aye Khaing**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

## စစ်ရှောင်ပြည်သူများပြုလုပ်သည့်

# သံဇကာများ ဝယ်ယူအားပေးနိုင်ပြီ



မြစ်ကြီးနား၊ မတ် ၁၂

ဗန်းမော်ခရိုင်၊ မိုးမောက်မြို့ရှိ မံပုံကက်သလစ် စစ်ရှောင်စခန်းမှ မိသားစု စီးပွားရေးအဖြစ် တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေသော သံဇကာများ ရောင်းချမှုအတွက် ဈေးကွက်များ ချိတ်ဆက်ရန် အခက်အခဲများ ဖြစ်နေကြောင်း သိရသည်။

၎င်းလုပ်ငန်းကို စစ်ရှောင်စခန်းရှိ လူ(၇) ယောက်က စုပေါင်းကာ လက်မှုပညာနှင့် ပတ်သက်သော အလုပ်အကိုင်များကို သင်ကြားရန်အတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ဒိန်းမတ် လူမှုရေးအဖွဲ့ (Danish Refugee Council) သို့ လျှောက်ထားပြီး ၎င်းတို့၏ ထောက်ပံ့ပေးမှုဖြင့် သံဇကာပြုလုပ်ခြင်း သင်တန်းကို သင်ကြားခွင့်ရရှိ၍ ယခုကဲ့သို့ သံဇကာလုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ရခြင်း ဖြစ်ကြောင်း သံဇကာလုပ်ငန်း တာဝန်ခံ ဦးလဖိုင်ဂျာလီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ (၇) ယောက်က သံဇကာလုပ်မယ်ဆိုပြီးတော့ DCR ကို လျှောက်တယ်။ သူတို့က ငွေကြေး ထောက်ပံ့ပေးတယ်။ တခြားလူတွေလည်း သူတို့ ဝါသနာပါတာကို လျှောက်ကြတယ်။ ကျွန်တော်တို့က ခုနစ်ယောက်ပဲ လုပ်တယ်ဆိုပေမယ့် ကျွန်တော်တို့ မိန်းမတွေကို ပြန်သင်ပေးတယ်။ သူတို့လည်း လုပ်ကူတယ်။ အခြားသူတွေ အားလုံးလည်း ကိုယ်သင်ကြားထားတဲ့ လက်မှုပညာတွေနဲ့ အလုပ်လုပ်နေကြတာပေါ့ "ဟု ၎င်းက ပြောသည်။

၎င်းတို့မှ အဆိုပါ လုပ်ငန်းကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့က စတင်ကာ လုပ်ကိုင်ခဲ့ခြင်း ဖြစ်သော်လည်း ဈေးကွက်ချိတ်ဆက်ရန် ခက်ခဲနေသည့် အခြေအနေများကြောင့် ပြုလုပ်ပြီးစီးထားသည့် သံဇကာများကိုရောင်းချနိုင်ရန် အခက်အခဲများရှိနေကြောင်းနှင့် တင်ပို့ရောင်းချနိုင်ရန် သွားလာရေးအတွက် ယာဉ်လိုအပ်မှုရှိနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အခုမှ စလုပ်တာဖြစ်တဲ့အတွက် ဘယ်မှာရောင်းရမယ်ဆိုတာလည်း ခက်ခဲနေတယ်။ ဆိုင်တစ်ဆိုင်မှာ သွားတင်သွင်းမယ် ဆိုရင်လည်း ကားတို့၊ သုံးဘီးတို့လည်း လိုတယ်။ သယ်သွားဖို့ လိုအပ်နေတယ်"ဟု ၎င်းက ဆိုသည်။

ပြုလုပ် ပြီးစီးထားသော သံဇကာအလိပ်များကို ယင်းတို့၏ ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းများကို အမြင့်ဆုံးဈေး ၄၀၀၀၀ ကျပ်မှ အနိမ့်ဆုံးဈေး ၃၄၀၀၀ ကျပ်ထိ သတ်မှတ်ထားကြောင်းနှင့် ဝယ်ယူလိုပါက သံဇကာလုပ်ငန်းတာဝန်ခံ ဦးလဖိုင် ဂျာလီ (ဖုန်းနံပါတ်- ၀၉ ၇၇၂၉၉၀၀၁၇) သို့ ဆက်သွယ်စုံစမ်း၍ မေးမြန်းနိုင်ကြောင်း သိရသည်။

အဆိုပါ ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း (Danish Refugee Council)မှ ၎င်းစစ်ရှောင်စခန်းတွင် နေထိုင်သော ပြည်သူများကို စားဝတ်နေရေး အဆင်ပြေစေရန် စက်ချုပ်ခြင်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ သံဇကာပြုလုပ်ခြင်း၊ လက်သမားလုပ်ငန်း၊ အလှအပသင်ရေးရာ သင်တန်း အစရှိသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ သင်ကြားနိုင်ရန်အတွက် ထောက်ပံ့မှုများ ပေးလျှက်ရှိနေကြောင်းလည်းသိရသည်။

မံပုံစစ်ရှောင်စခန်းသည် လူဦးရေ တစ်သောင်းသုံးရာတစ်ဆယ့်ခုနှစ်ယောက် ရှိ-ပြီး ၎င်းတို့အနေဖြင့် မိမိတို့ အသီးသီး သင်ယူ တတ်မြောက်ထားသော စက်ချုပ်ခြင်း၊ လက်သမား လုပ်ငန်းလုပ်ကိုင်ခြင်း၊ သံဇကာလုပ်ငန်းလုပ်ကိုင်ခြင်း အစရှိသည်တို့ဖြင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်လျက် နေထိုင်နေကြကြောင်း သိရသည်။ ■

Benadeth

## ချီဖွေ စစ်ရှောင်စခန်းတွင်

# ကျန်းမာရေးနှင့် ပညာရေးအတွက် အခက်အခဲဖြစ်နေ

မတ်လ ၁၄

ချီဖွေ စစ်ရှောင်စခန်းရှိ စစ်ရှောင် ပြည်သူလူထုများ ဆေးဝါးလုံလောက်မှု မရှိသည့်အတွက် ကျန်းမာရေး အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"ကျန်းမာရေးအခက်အခဲဖြစ်နေတယ်။ ချီဖွေမြို့ပေါ်မှာ မြို့နယ်ဆရာဝန်လည်း တစ်ယောက်တလေပဲ ရှိတော့ ကျွန်တော်တို့ဆီကို ဆရာဝန် လာမကြည့်ပေးနိုင်ဘူး။ အသည်းအသန်ဖျားလို့ ရှိရင်က မြို့နယ် ကျန်းမာရေး ဆေးရုံသွားတယ်။ ချီဖွေမှာက ခွဲစိတ်မှန်လည်းမရှိတော့ မနေ့ကပဲ တစ်ယောက်မြစ်ကြီးနားမှာ သွားဆုံးတယ်။ ဒီနေ့မှ အလောင်းကို ပြန်သယ်လာပြီ။ နာရေးလုပ်နေတာ အဲ့လိုအခက်အခဲ၊ အခြေအနေ၊ မလုပ်ပေးနိုင်တဲ့ အတွက်ကြောင့်မို့ အခက်အခဲအဲ့လိုရှိတယ်"ဟု ချီဖွေ ကချင်နှစ်ခြင်း စစ်ရှောင်စခန်းအမှတ်(၂)မှ တာဝန်ခံ ဦးထော်ခေါင်က ပြောသည်။

ယင်းစစ်ရှောင်တွင် ဆေးဝါး၊ ကျန်းမာရေးထောက်ပံ့မှုအခက်အခဲများကြောင့် ၂၀၁၂ ခုနှစ်မှ လက်ရှိအချိန်ထိ သေဆုံးသူ ဦးရေ ၂၀ ကျော်ခန့် ရှိနေကြောင်းလည်း တာဝန်ခံက ပြောသည်။

"မွေးဖွားစ ကလေးမိခင်တွေလည်း တစ်ယောက်နှစ်ယောက်ဆုံးသွားတာ ရှိတယ်၊ သက်ကြီးရွယ်အိုတွေ သွေးတက်ပြီး လေဖြတ်သွားတာလည်း ရှိတယ်၊ အသက်ကြီးတဲ့မိဘတွေ သွေးတက်ပြီး ဆုံးသွားကြတာလည်း ရှိတယ်။ ကလေးတွေက ၄က်ဖျားကြောင့် ဆုံးခဲ့တာလည်း ရှိတယ်။ မွေးကင်းစ ကလေးတွေ ဆုံးတာလည်းရှိတယ် ။ ခု ဒီစစ်ရှောင်မှာ အခက်အခဲကြောင့်ဆုံးတာ အယောက် ၂၀ ကျော်လောက်ရှိပြီ"ဟု ဦးထော်ခေါင်က ရှင်းပြပြောဆိုသည်။

စစ်ရှောင်စခန်းတွင် လူများသည့်အတွက် ဝမ်းပျက်၊ ဝမ်းလျော၊ နှာစေး၊ ချောင်းဆိုးခြင်းများ ကူးစက်မှုများ ဖြစ်ပွားခြင်း၊ မြို့နယ်ဆရာဝန်မှာ အတတ်နိုင်ဆုံး ကုသမှုများ ပြုလုပ်ပေးသော်လည်း လူဦးရေများသည့်အတွက် ဆေးဝါးမလုံလောက်မှုများ ရှိနေသည်ဟုလည်း စစ်ရှောင်တာဝန်ခံက ပြောသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် ၆ နှစ်ကြာ နေထိုင်လာသူ ဒေါ်ထုဘူကလည်း "မိုးတွင်းတွေမှာတော့ ဝမ်းပျက် ဝမ်းလျောတာတွေများတယ်။ ဒီမှာအိမ်သာလည်း မလုံလောက်ဘူး။ ပြီးတော့ ရေတွေလည်း မသန့်ဘူး။ အဲ့ကနေ ယင်ကောင်တွေ ပွားလာပြီးတော့ ဒီလို ကျန်းမာရေးပိုင်းမှာ ထိခိုက်တယ်လို့ထင်တယ်"ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိဆေးဝါးများ လုံလောက်မှုမရှိခြင်းမှာ စနစ်အပြောင်းအလဲတစ်ခုပြောင်းလဲနေသည့် အတွက်ကြောင့်ဖြစ်ပြီး လာမည့် ၃ လပိုင်း၊ ၄ လပိုင်းတွင် ဆေးဝါးများ လုံလုံလောက်လောက် ရရှိတော့မည်ဟု ချီဖွေမြို့နယ် ဆရာဝန်ကြီး ဒေါက်တာလင်းလင်းထွန်းက ပြောသည်။

"စစ်ရှောင် စခန်းမှာ ဆရာမတစ်ယောက်ကို တာဝန်ချထားပေးမယ်။ ပြီးရင် လိုအပ်တာ အကုန်လုံးကိုတော့ ကျွန်တော်တို့ဆေးရုံကနေပဲ ထောက်ပံ့ပေးတယ်ဗျ။ အခုကတော့ ၃ လပိုင်းမှာတော့ ဆေးအသစ်တွေ ထပ်ရောက်တော့မယ်ဗျ။ ကြားကာလလေးဖြစ်နေလို့ပါ။ အရင်တုန်းက ပုံစံနဲ့တော့မတူတော့ဘူး၊ ပုံစံအသစ်ပေါ့နော်၊ လိုအပ်အရာတွေကို သေချာတွက်ချက်ပြီးတော့ ပြန်တောင်းဖို့လုပ်နေတယ်ဗျ အခုနောက်ပိုင်း လုံလောက်တော့မှာပါ၊ အခုက အရင်လိုမဟုတ်တော့ဘဲ လိုရင်လိုသလိုကျွန်တော်တို့ လိုအပ်တဲ့ဟာတွေကို ထပ်ပြီးတောင်းလို့ရပြီခင်ဗျ။ အခု လောလောဆယ် နည်းနည်း နည်းသွားတာက အပြောင်းအလဲ ကြားကာလမှာ နည်းနည်း ကြန့်ကြာ သွားတာပါ "ဟု ဒေါက်တာလင်းလင်းထွန်းက ပြောသည်။

ထို့အပြင် ချီဖွေစစ်ရှောင်စခန်းတွင် ကျန်းမာရေးအပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးတွင်လည်း အထောက်အပံ့များလိုအပ်နေသည်ဟု သိရသည်။

"အိမ်ထောင်စုတစ်စုမှာ ဆိုရင် ကလေးတွေ ၅ ယောက် ၆ ယောက်၊ တချို့ဆို ၈ ယောက်လောက်အထိရှိတဲ့ မိသားစုတွေရှိတယ် မိဘတွေက ဝင်ငွေရှာဖို့လည်း နေ့တိုင်း အလုပ်ကမရှိဘူး။ ကလေးတွေကို ကျောင်းဆက်ထားနိုင်မယ့် အနေအထားမျိုးမရှိဘူး ဖြစ်နေတယ်"ဟု ဦးထော်ခေါင်က ပြောသည်။

စစ်ရှောင်ပြည်သူများကို ကူညီထောက်ပံ့ပေးသည့် အရပ်ဘက်အဖွဲ့အစည်းများ မိမိတို့ချီဖွေဒေသသို့ လာရောက် ကူညီပေးရေးကိုလည်း လိုလားကြောင်း ချီဖွေ ကချင်နှစ်ခြင်း စစ်ရှောင်စခန်းမှ တာဝန်ခံ ဦးထော်ခေါင်က ပြောသည်။

"ကလေးတွေရဲ့ ပညာရေးဘက်မှာ ကူညီထောက်ပံ့ပိုးနိုင်မယ့် အရပ်ဘက်အဖွဲ့အစည်းတွေ၊ ဝင်ရောက်လာပေးဖို့ တောင်းဆိုချင်တယ်။ ပြီးတော့ ဆေးဝါး လုံလုံလောက်လောက် ရရှိနိုင်မယ် အနေအထားမျိုးလည်း လိုလားပါတယ်။ NGOs အဖွဲ့အစည်းတွေ ဝင်လာပြီး လိုအပ်မှုတွေ ကူညီနိုင်မှ ကျွန်တော်တို့အဆင်ပြေမှာ ဖြစ်ပါတယ်"ဟု ဦးထော်ခေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ချီဖွေ ကချင်နှစ်ခြင်းစစ်ရှောင်စခန်းအမှတ် (၂)တွင် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀၀ ခန့်ရှိပြီ အသက် ၆၀ အထက် သက်ကြီးရွယ်အို ၂၀ ကျော်ခန့် နေထိုင်လျက်ရှိနေသည်။

ချီဖွေ စစ်ရှောင်စခန်းတွင် စခန်းအမှတ် ၁၊ စခန်းမှတ် ၂ ရှိပြီး စခန်း ၁ တွင် လူဦးရေ၈၅၀ ကျော်၊ စခန်း ၂ တွင် ၈၀၀ ကျော် ရှိကြောင်းလည်း သိရသည်။

Salai

ရေခဲတောင်တွင်ရိုက်ကူးနေသည့်

# "နှင်းပွင့်စေရာ" ရုပ်ရှင်

## ဇာတ်ကားကြီး၌ ပါဝင်သည့် သရုပ်ဆောင်များ၏အသံ



### အကယ်ဒမီမြင့်မြတ်

ဒီဇာတ်ကားလေးမှာ ဝင်ပါဖြစ်ခဲ့တာကတော့ ဒီဇာတ်ကားက ပုံမှန်ရိုက်နေတဲ့ ဇာတ်ကားတွေနဲ့လည်း မတူဘူး။ ဘာပဲပြောပြော ရေခဲတောင်ပေါ်မှာ ရိုက်ခွင့်ရခဲ့တဲ့ ဇာတ်လမ်းလေးပေါ့။ ဇာတ်လမ်းလည်း အရမ်းကောင်းတယ်။ အခက်အခဲတွေကတော့ အများကြီးပဲ။ ရေခဲတောင်လည်း တစ်ခါမှ မရောက်ဖူးဘူး။ မရောက်ဖူးတဲ့ အခါကျတော့ အခက်အခဲတွေရှိမယ် ဆိုတာတော့ မှန်းတော့ မှန်းထားတယ်။ ဒါပေမဲ့ တကယ်ရိုက်တဲ့ အခါမှာကျတော့ ဒီထက် ကိုယ်မှန်းထားတာထက်ကို မမြင်နိုင်တဲ့ အခက်အခဲတွေရော၊ ရာသီဥတုဒဏ်တွေရော တော်တော်ကို ဆိုးဆိုးရွားရွား ခံခဲ့ရတာပေါ့။

"ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးတဲ့အနေနဲ့ ဆရာဝန်အလုပ်ကို စွန့်လွှတ်ပြီးတော့ ဓာတ်ပုံဆရာအလုပ်ကို လုပ်ရင်းနဲ့ပဲ ကိုယ့်စိတ်ကို ပြန်ဖြေနေတယ်ပေါ့နော်"

ပူတာအိုမှာရော ဆက်ရိုက်ဖို့ ရှိပါတယ်။ ဒီဇာတ်ကားမှာ ကျွန်တော့် ကာရိုက်တာကတော့ ပထမမှာ ဆရာဝန်ပေါ့၊ ခွဲစိတ်တာ လုပ်ရင်းနဲ့ အမှားအယွင်းတစ်ခုကြောင့် လူနာတစ်ယောက် အသက်ဆုံးရှုံးသွားတယ်။ အဲ့ဒီအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးတဲ့အနေနဲ့ ဆရာဝန်အလုပ်ကို စွန့်လွှတ်ပြီးတော့ ဓာတ်ပုံဆရာအလုပ်ကို လုပ်ရင်းနဲ့ပဲ ကိုယ့်စိတ်ကို ပြန်ဖြေနေတယ်ပေါ့နော်။ အဲ့လို ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ဒီဇာတ်ကားက အမြတ်မ်း အမှတ်ရနေမှာပါ။ တစ်သက်မှာ တစ်ခါပဲလေနော် ရေခဲတောင်မှာ ရိုက်တာက။ ဘာပဲပြောပြော ဒီဇာတ်ကားက အားလုံး ခက်ခက်ခဲခဲနဲ့ပေါ့နော်။ဒီဇာတ်ကားက ပရိသတ်တွေ အားပေးရကျိုးနပ်မယ့် ဇာတ်ကားဖြစ်မှာပါ။ ■

### သင်ဇာဝင့်ကျော်

ကိုဒေါင်လွှတ်းက ကမ်းလှမ်းလို့ ဒီဇာတ်ကားမှာ ဝင်ပါဖြစ်တာပါ။ ပြီးတော့ ဇာတ်လမ်းလေးကိုလည်း ကြိုက်တယ်။ မင်းသားကလည်း ကိုမြင့်မြတ် ဖြစ်နေတာရယ်၊ ကိုယုန်လေးတို့လည်း ပါနေတယ်ဆိုတော့လေ။ အားလုံးနဲ့လည်း ရင်းနှီးနေတဲ့ အခါကျတော့ ဒီဇာတ်လမ်းလေးက သင်ဇာ့အတွက် ဒီနှစ်ထဲမှာ သစ်ဆန်းမှု ဖြစ်မယ်ထင်လို့ လက်ခံဖြစ်သွားတာပါ။ ဒီဇာတ်ကားမှာကကျတော့ ဓာတ်ပုံပြိုင်ပွဲဝင် မိန်းကလေးတစ်ယောက်ပေါ့။ သူများအပေါ် ကူညီချင်စိတ်ရှိတယ်။ အဲ့လို ကာရိုက်တာမျိုးလေးပါ။ ဒီဇာတ်ကားက အခက်အခဲတွေကတော့ အများကြီးပဲ။ ခရီးအစကနေပဲ။ လမ်းတွေဆို အရမ်းကြမ်းတယ်။ တောင်ပေါ်ဒေသဆိုတော့ မိုးက ဆက်တိုက်ရွာတယ်။ မိုးရွာတဲ့အခါကျတော့ တချို့နေရာတွေ ဆိုရင် မြေပြိုတာတွေ ဖြစ်တယ်။ သင်ဇာတို့ စသွားတဲ့အချိန်မှာပဲ ရိုက်တဲ့နေရာကို သွားဖို့တောင်မှ ကားနဲ့သွားဖို့က သွားတဲ့ လမ်းတွေမှာ ဆီးနှင်းတွေက ဒူးလောက်ဖုံးသွားတော့ ကားနဲ့သွားလို့မရတဲ့ အချိန်မှာ လမ်းလျှောက်ပြီး သွားတဲ့ အချိန်မျိုးတွေ အဲ့လိုဖြစ်တယ်။ အဲ့လိုဖြစ်တဲ့ အချိန်ကျတော့ အဲ့လောက်အေးတဲ့ အအေးဒဏ်ကိုကျတော့ တစ်ခါမှ မခံစားဖူးတော့ ခြေကျင်တာတို့၊ နှင်းကိုက်မှာ အရမ်းကြောက်တယ်ပေါ့။ ချမ်းတဲ့ဒဏ်တွေလည်း ခံစားခဲ့ရတယ်။ ပြီးတော့ ဟိုမှာက အပူပေးစက်တွေလည်း မရှိဘူးဆိုတော့လေ၊ မီးပေးတဲ့ စနစ်ကလည်း စက်နဲ့ပဲ ပေးရတယ် ဆိုတော့လေ။ ကိုယ်တွေက ၂၄ နာရီ အပြည့် အဲ့လို အပူပေးစက် သုံးလို့မရဘူး။ သုံးလို့ ရရင်လည်း ခဏပဲ။ ဆိုတော့ မီးလှုံရတယ်။ မီးလှုံတဲ့အခါကျတော့လည်း လက်တွေမည်းတယ်။ မျက်နှာတွေဆိုရင်လည်း အသားတွေညိုလာတယ် အဲ့လိုမျိုးတွေပေါ့။ ပြီးတော့ ပြန်တော့လည်း ရာသီဥတု မကောင်းတဲ့ခါကျတော့ မြေပြိုတာတွေ ဖြစ်တယ်။ သွားချင်တဲ့ အချိန်သွားလို့မရဘူး။ လိုရာခရီးကို ရောက်ချင်တဲ့ အချိန်မရောက်ဘူး။ ရက်တွေ အရမ်းကြန့်ကြာတာပေါ့။ ရိုက်နေတဲ့အချိန် ဆီးနှင်းကျတာတို့၊ မိုးရွာတာတို့ ဆိုလို့ရှိရင် ရာသီဥတု ဖောက်ပြန်တာတို့ဆိုရင် ပြီးသင့်သလောက် မပြီးဘူး။ အချိန်တွေ ကြာစေတယ်။ မှန်းထားတဲ့ရက်မှာ မပြီးဘူးပေါ့။ အလုပ်တွေ အကုန်လုံး နောက်ဆုတ်ပစ်လိုက်ရတယ်။ တခြားဟာတွေက အသေးအမွှားတွေပါ။ အကုန်လုံး အန္တရာယ်ဘေးကင်းရှင်းစွာ အောင်အောင်မြင်မြင်နဲ့ ရေခဲတောင်မှာ ရိုက်တဲ့ အခန်းတွေ ပြီးခဲ့တာပေါ့။ ပူတာအိုမှာ



"ရက် အပိုင်းအခြားလေး တစ်ရက် နှစ်ရက်အတွင်းလေးမှာပဲ ဖြစ်သွားတယ်ဆိုတော့ အဝတ်အစားလဲဖို့ အချိန်မရှိတော့ဘူး"

ဆက်ရိုက်မယ့်အခန်းတွေကတော့ သိပ်တော့ ခက်ခက်ခဲခဲ မရှိပါဘူး။ သူက Scence oppening လေးပဲဆိုတော့ ခက်ခက်ခဲခဲတော့ မရှိပါဘူး။ အဆင်ပြေမှာပါ။ ဖက်ရှင်ပိုင်းနဲ့ ပတ်သက်ရင်တော့ အခု ရေခဲတောင်မှာ ရိုက်တဲ့ အခန်းတွေကတော့ အဝတ်အစား တစ်စုံတည်းနဲ့ ပြီးသွားတယ်ပေါ့နော်။ ရေခဲတောင်စတက်ကတည်းက ဝတ်စုံတစ်စုံနဲ့ပဲ နောက်ဆုံးအခန်းထိ ဇာတ်လမ်းက အဲ့လိုပုံစံဆိုတော့လေ။ ရက် အပိုင်းအခြားလေး တစ်ရက်၊ နှစ်ရက်အတွင်းလေးမှာပဲ ဖြစ်သွားတယ်ဆိုတော့ အဝတ်အစားလဲဖို့ အချိန်မရှိတော့ဘူး။ ပူတာအိုဘက် ရိုက်မယ့်အခန်းမှာကတော့ ဆောင်းတွင်း ဖက်ရှင်လေးတွေ ဝတ်ဖို့တော့ စဉ်းစားထားပါတယ်။ ဟုတ်ကဲ့ ဒီကားလေးက စပြီးလက်ခံကတည်းက ထူးခြားမယ်ဆိုတာ သိတယ်။ တကယ်တမ်း ရိုက်တဲ့အချိန်မှာလည်း ခက်ခက်ခဲခဲနဲ့ ရိုက်ခဲ့ရတယ်။ သရုပ်ဆောင်ပိုင်းမှာ မခက်ခဲပေမယ့် ဒီဇာတ်ဝင်ခန်းကို ရိုက်ဖို့အတွက် ကင်မရာမန်းတွေရော၊ ဒါရိုက်တာနဲ့ သရုပ်ဆောင်တွေ အားလုံး ခက်ခက်ခဲခဲနဲ့ကို ကြိုးစားပြီးတော့ ဒီဇာတ်ကား ပြီးမြောက်သွားတယ်ပေါ့နော်။ သူတို့ကြည့်ရင်တော့ ခဏလေးနဲ့ မိနစ်ပိုင်းလောက်ပဲ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ကိုယ်တွေ ကြိုးစားတာတွေကို အားပေးစေချင်တယ်။ အားလုံးကိုလည်း ဒီဇာတ်ကားလေး ထွက်ရင် လာကြည့်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ■

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊ လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

## ကေညီ

ဒီဇာတ်ကားမှာဆိုရင် ကျွန်တော်နဲ့ မြင့်မြတ်၊ ယုန်လေးပါမယ်။ ကိုဒေါင်လွမ်းဆိုရင်လည်း သူငယ်ချင်းတွေဆိုတော့ ပါဝင်ဖြစ်ခဲ့တာပါ။ ဒီဇာတ်ကားလေး စရိုက်တော့မယ်ဆိုရင် ဒီရေခဲတောင်ဆိုတဲ့ အတွေ့အကြုံကို ခံစားစေချင်တာပေါ့။ နောက်တစ်ခုက မရောက်ဖူးတဲ့ နေရာလေးမှာ မရိုက်ဖူးတဲ့ ကာရိုက်တာနဲ့ သွားပြီးရိုက်ရမယ့်၊ ကြုံရမယ့် အတွေ့အကြုံတွေကြောင့် ဒီဇာတ်ကားမှာ ပါဝင်ဖြစ်ခဲ့တာပါ။ အဓိကကတော့ ကျွန်တော်တို့ ရေခဲတောင်ကို ရောက်ဖို့ တော်တော်ကြီးကို ကြိုးစားပြီး သွားခဲ့ရတယ်ပေါ့နော်။ သွားနေရင်းနဲ့လည်း တောင်တွေပြိုတယ်၊ နောက်ပြီးရင် နောက်ကြောင်း ပြန်လှည့်ရတယ်။ ပထမတော့ ရေခဲတွေ မြင်လိုက်တော့ ဖွေးနေတာပဲဆိုပြီး ပျော်သွားတယ်။ ဓာတ်ပုံတွေရိုက်နဲ့၊ နောက်တော့ လျှောက်ရင်းလျှောက်ရင်းနဲ့ တစ်ခါတစ်ခါကျတော့ ခြေထောက်တွေ နစ်သွားလိုက်။ ဖိနပ်ထဲရေတွေ ဝင်လိုက်နဲ့။ အရမ်းကို ခြေထောက်မှာ ကိုက်

"မြေပြန့်ကို ရောက်တာ နစ်ရက်၊ သုံးရက်ရှိပြီ မရသေးဘူး။ ခြေထောက်တွေ ကိုက်နေတုန်းပဲ။ ညည အိပ်လို့ကို မရဘူး"

လာတယ်။ အပူပိုင်းကလာတဲ့ သူတွေအတွက်ကျတော့ အအေးဒဏ်ကို ခံရတော့ အခက်အခဲလေး ဖြစ်တယ်လေ။ အခက်ခဲပေါင်းများစွာကို ကျော်ဖြတ်ခဲ့ရတယ်။ တစ်ခါတစ်ခါကျရင် နှင်းမိုးတွေကျတယ်။ ရေတွေဆိုရင်လည်း ခဲတယ်။ ခြေထောက်တွေ ဆိုရင်လည်း အခုထိ ကျင်နေတုန်းပဲ။ မြေပြန့်ကို ရောက်တာ နှစ်ရက်၊ သုံးရက်ရှိပြီ မရသေးဘူး။ ခြေထောက်တွေ ကိုက်နေတုန်းပဲ။ ညည အိပ်လို့ကို မရဘူး။ ကျွန်တော်တို့ အခု ပူတာအိုကို ဆက်တက်ရအုံးမယ်။ ဒါလည်း အအေးပိုင်းပဲ။ အဲ့အတွက်တော့ ရေခဲတောင်လောက်တော့ မအေးဘူးဆိုတော့ ခံနိုင်ရည်တော့ ရှိပါတယ်။ ပူတာအိုဒေသရဲ့ အေးချမ်းခြင်း အရသာက ကိုယ်တွေကို ဘယ်လောက်ထိပေးသလဲဆိုတာ ဟိုရောက်မှ ခံစားပြီးသိမှာပေါ့။ လေယာဉ်ပေါ်က ဆင်းကတည်းက သိလိုက်တာက ဒီမှာ ပရိသတ်တွေ အများကြီးရှိတဲ့အတွက် အရမ်း အားရှိသွားတယ်။ ကျွန်တော့်ကိုရော၊ မြင့်မြတ်ကိုရော၊ ယုန်လေးကိုရော ချစ်တဲ့ပရိသတ်တွေ အများကြီးရှိတော့ ဒီ ကချင်ပြည်နယ်ကို လာရတာ အရမ်းကို ပျော်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်ခင်ဗျ။ အားလုံးက ညီအစ်ကို၊ မောင်နှမလို ကူညီပေးကြပါတယ်။ အဲ့အတွက်ကြောင့် ကျွန်တော်တို့လည်း ကြိုးစားမှုတွေ အများကြီးလုပ်သွားမယ်လို့လည်း ပြောချင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ကို အားပေးကြပါလို့လည်း ပြောချင်ပါတယ်။ အားပေးနေတဲ့ ပရိသတ်ကြီးလည်း စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်။ ■






## Lဘောက်နူး

ဒီကားလေးကတော့ အမြဲတမ်းရိုက်နေတဲ့ ဇာတ်ကားတွေနဲ့ ကွဲထွက်နေတယ်။ တကယ့်စွန့်စားခန်း ပုံစံမျိုး၊ ရေခဲတောင်မှာ ရိုက်တဲ့ ဇာတ်ကားဆိုတော့ ထူးခြားတဲ့ဇာတ်ကားဖြစ်တဲ့အတွက် ဒီဇာတ်ကားမှာ ပါဝင်ဖြစ်ခဲ့တာပါ။ ဒီဇာတ်ကားမှာကကျတော့ ဘောက်နူးရော၊ ငြိမ်းသော်၊ ကိုမြင့်မြတ်၊ မသင်ဇာရော၊ ယုန်လေး ငါးယောက်က ဓာတ်ပုံဆရာတွေပေါ့နော်။ ဓာတ်ပုံပြိုင်ပွဲမှာ ပြိုင်တဲ့ ဓာတ်ပုံဆရာ ငါးယောက်နေရာကနေ ပါဝင်ထားပါတယ်။ အခက်အခဲကတော့ အများကြီးပဲ။ အစားအသောက်လည်း ခက်ခဲတယ်။ နေရတာလည်း ခက်ခဲတယ်။ လမ်းခရီး၊ ရာသီဥတုဆိုရင်လည်း အရမ်းကြမ်းတမ်းတယ်ပေါ့နော်။ ဒါပေမဲ့ အားလုံးက အဓိကကတော့ ကိုမြင့်မြတ်တို့ မသင်ဇာတို့၊ ကိုယုန်လေးတို့က အရမ်းကို လက်တွဲခေါ်တယ်။ ကူညီပေးတဲ့အတွက် ဒီရေခဲတောင်မှာ ရိုက်တဲ့ အပိုင်းကို အဆင်ပြေစွာနဲ့ ပြီးခဲ့တာပေါ့။ ပူတာအို ရေခဲတောင် ဆိုရင်လည်း ဒါ

"ဒါက အဘောက်ရဲ့ ပထမဦးဆုံးအကြိမ် ရိုက်တဲ့ မြန်မာရုပ်ရှင်ဇာတ်ကားဖြစ်တယ်။ လိုအပ်ချက်တွေတော့ အများကြီးရှိမှာပဲပေါ့နော်။"

ပထမဦးဆုံးအကြိမ် ဖြစ်မယ်။ တက်ဖူးချင်တယ်။ ဒီအလုပ်နဲ့ပဲ ပထမဦးဆုံးအကြိမ် တက်ဖြစ်မှာပါ။ အဲ့အတွက် ပြင်ဆင်ထားတာကတော့ အရှေ့မှာ ရေခဲတောင်တစ်ခါ တက်ဖူးထားပြီဆိုတော့ ရိက္ခာပြတ်သွားတော့ အခုရိက္ခာများများယူသွားတယ်။ ဆေးတွေ သေသေချာချာပိုပြီးမှ ပြင်ဆင်တယ်။ ရှေ့မှာ တစ်ခါတက်ဖူးပြီဆိုတော့လေ။ အခုတစ်ခေါက်မှာ ပိုပြီးမှ ကျန်းမာရေးပိုကောင်းအောင် သွားပါမယ်။ ဟုတ်ကဲ့ ဒါက အဘောက်ရဲ့ ပထမဦးဆုံးအကြိမ် ရိုက်တဲ့ မြန်မာရုပ်ရှင်ဇာတ်ကားဖြစ်တယ်။ လိုအပ်ချက်တွေတော့ အများကြီးရှိမှာပဲပေါ့နော်။ ညီမကို အခုချိန်ထိ အားပေးကြတဲ့ ပရိသတ်တွေကို ဆက်ပြီးတော့ ကူညီအားပေးကြပါတယ်။ ဒီကား ထွက်လာရင်လည်း အားလုံး ဝိုင်းဝန်းအကြံပေး၊ ဝေဖန်ပေးကြပါလို့ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ■

## ငြိမ်းသော်

ဒီရေခဲတောင်ဇာတ်ကားမှာ ပါဝင်ဖြစ်ခဲ့တာကတော့ ကိုဒေါင်လွဏ်းကနေပြီးတော့ ရေခဲတောင်မှာ သွားရိုက်မယ်ပေါ့နော်။ အားလုံးကလည်း ခင်နေကြတယ်။ ဘောက်နူးနဲ့လည်း သူငယ်ချင်းအရင်း ပါတယ်ဆိုတော့ ရေခဲတောင်လည်း သွားချင်တယ်။ ပြီးရင် ကချင်ပြည်နယ်ကိုကျတော့ အစားအသောက်တွေရော ကြိုက်တယ်။ ကိုယ်လည်း လာချင်နေတယ်ဆိုတော့ အဲ့တာတွေကြောင့် ပါဝင်ဖြစ်ခဲ့တာပါ။ ဓာတ်ပုံဆရာ တစ်ယောက်အနေနဲ့ ပါဝင်ထားပါတယ်။ အခက်အခဲတွေကတော့ တော်တော်ကို များတယ်။ ပြောမပြချင်လောက်အောင်ပေါ့နော်။ ပထမ ရေခဲတောင် စမသွားခင် မမြင်ခင်ကတော့ ရင်ခုန်တယ်။ ရေခဲတောင်ကို မြင်ချင်တာပေါ့။ တကယ်လည်း မြင်ရရော ပျော်ပါတယ်။ ဒါပေမဲ့ ရက်ကြာလာလေ များတော့ ရိက္ခာတွေကအစ ပြတ်လာတယ်။ ရေတွေဆိုရင်လည်း အဆင်မပြေမှုတွေ တော်တော်များတယ်။ အေးတာကလည်း တော်တော်အေးတော့။ ရေခဲတွေကြားပဲ နေရတယ်ဆိုတော့ တစ်နေရာနဲ့ တစ်နေရာသွားဖို့လည်း မလွယ်ဘူးဆိုတော့။ ပူတာအို ဆက်သွားမယ်ဆိုတော့ ရိက္ခာတွေ ကြိုပြီးစုထားတာပေါ့။ ကျန်တဲ့ဟာတွေက ဒီ သရုပ်ဆောင်ပိုင်းတွေ ဆိုရင်လည်း ပုံမှန်ပါပဲ။ ဇာတ်ညွှန်းတွေဆိုရင်လည်း ကြိုပြီး ဖတ်ထားတယ်ဆိုတော့လေ။ ဘာတွေ ကြုံတွေ့ရမလဲဆိုတာတော့ နည်းနည်းလေး စိုးရိမ်တာပေါ့။ ဟိုဘက် ရေခဲတောင်မှာတုန်းက တော်တော် ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ရတယ်။ ကုန်ကုန်ပြောရမယ်ဆိုရင် ရေတွေတောင် အမှုန်တွေပဲ သောက်ရတယ်။ ဒီဘက်ကတော့ ပိုပြီး အဆင်ပြေမယ်၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းတယ်ဆိုတော့။ ဟိုဘက်မှာကကျတော့ လုံးဝ အဆက်အသွယ်မရဘူး တောင်တွေ၊ တောတွေကြားမှာ ဆယ်ရက်ကျော်ကျော် နေခဲ့ရတယ်ဆိုတော့။ ပရိသတ်တွေကို ပြောချင်တာကတော့ ကျွန်တော့်ကို ချစ်တဲ့ပရိသတ်တွေ ကျွန်တော့်ကို ဆက်ပြီးအားပေးကြပါအုံး။ ချစ်တဲ့ ပရိသတ်တွေလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်း တောင်းပေးလိုက်ရပါတယ်။ ■



ရေခဲတွေကြားပဲ နေရတယ်ဆိုတော့ တစ်နေရာနဲ့ တစ်နေရာသွားဖို့လည်း မလွယ်ဘူးဆိုတော့။ ပူတာအို ဆက်သွားမယ်ဆိုတော့ ရိက္ခာတွေ ကြိုပြီးစုထားတာပေါ့




# Take သောက်ရေသန့်ကို သောက်သုံးကြစို့

ရေသည်လူတို့အတွက် မရှိမဖြစ်လိုအပ်သည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်လေသည်။ သို့သော် ရေသောက်သုံးရာတွင်လည်း မသန့်ရှင်းသည့် ရေကိုသောက်သုံးမိလျှင် ဘေးထွက်ဆိုးကျိုးများစွာ ဖြစ်ပေါ်တတ်ပေသည်။ မသန့်ရှင်းသည့်ရေကို သောက်သုံးမှုကြောင့် ကမ္ဘာ့လူဦးရေ၏ ၃.၄သန်းခန့်သည် နှစ်စဉ်အသက်ဆုံးရှုံးနေကြရသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျန်းမာသန်စွမ်းစွာ အသက်ရှင်နေထိုင်နိုင်ရန်အတွက် သန့်ရှင်းသန့်စင်ထားသည့် ရေကိုသာ နေ့စဉ်သောက်သုံးသင့်ပေသည်။ ***Take*** သောက်ရေသန့်သည် မြစ်ကြီးနားမြို့ တွင်ပေအနက်ဆုံးမှ ကောင်းမွန်သောရေအရင်းအမြစ်ကို ရယူကာ ***Reverse Osmosis (RO)*** အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသော သောက်ရေသန့်ဖြစ်ပါသည်။ ထို့အပြင် ***Take*** သောက်ရေသန့်သည် သက်တမ်းစနစ်တာအောင်မြင်စွာ ဖြတ်သန်းလာခဲ့ပြီးဖြစ်ပါသည်။ ***Take*** သောက်ရေသန့်ကို ခေတ်မှီသည့် ***Ozone system*** စက်ကြီးများဖြင့် အဆင့်ဆင့် သန့်စင်ထားသောကြောင့် ရေအတွင်းတွင်ပါဝင်နေသည့် မလိုအပ်သောဓာတ်ပစ္စည်းများကို ၉၉ ရာခိုင်နှုန်းအထိ သန့်စင်ပေးသည်။ ***Take*** သောက်ရေသန့်ကို ***0.3liter, 0.4liter, 0.6 liter, 1 literESifh 20 liter*** ဟူ၍မတူညီသည့် ဘူးအရွယ်အစားများဖြင့်ထုတ်လုပ် ရောင်းချလျက်ရှိပါသည်။ သောက်ရေသန့်ဘူးများ ဆေးကြောရာတွင်လည်း ပိုးသတ်ထားသည့်ရေကိုအသုံးပြု၍ အလိုအလျောက် သန့်ရှင်းမှု ပြုလုပ်ပေးနိုင်သည့် ***UV, Ozone*** အဆင့်မြင့်စက်ကြီးများဖြင့် အသုံးပြုလေသည်။ ထို့အပြင် ရေသန့်ဘူးတွင်အသုံးပြုသည့် ရေသန့်ဘူးအဖုံးများကိုလည်း ပိုးမွှားကင်းစင်စေရန်အတွက် ***Auto*** စက်ကြီးများဖြင့် စနစ်တကျ ပိုးသတ်သန့်စင်ထားလေသည်။ ဆေးကြော သန့်စင်ထားသော သောက်ရေသန့်ဘူးများကို ***Auto filling*** စက်ကြီးများဖြင့် ရေဖြည့် ပြီးနောက် သောက်ရေသန့်ဘူး များသန့်ရှင်းသပ်ရပ်နေစေရန်အတွက် ***Auto*** စက်ကြီးများဖြင့် ထုပ်ပိုးထားလေသည်။ ***Take*** သောက်ရေသန့်စက်ရုံသည် ***(RO)*** နည်းပညာဖြင့် ထုတ်လုပ်ထားသည့် သောက်ရေသန့်များကို ထုတ်ပိုး၍ ၁၂နာရီကြာမှ ဖြန့်ဖြူး ရောင်းချသောကြောင့် သောက်သုံးသူများအနေဖြင့် ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ပေသည်။ ထို့ကြောင့် လူကြီးမင်းများအနေဖြင့် သောက်ရေသန့်ကို သောက်သုံးတော့မည်ဆိုလျှင် ခေတ်မီနည်းပညာဖြစ်သည့် ***(RO)*** စနစ်ဖြင့် သန့်စင်ထုတ်လုပ်ထားသည့် ***Take*** သောက်ရေသန့်ကို သောက်သုံးဖို့ လမ်းညွှန်ပါရစေ။







ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ
အကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက
တိုင်ကြားရန်ဖုန်းနံပါတ်များ
၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂

